
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# မဒိုစာ

## မီးနေသည် သရဲမ


| | | |
|---|---|---|
| ထုတ်ဝေသူ | – | ဦးအောင်စိုး (ခုနှစ်စဉ်ကြယ်စာပေ) (၁၈၂)၊ (၃၁)လမ်း၊ ပန်းဘဲတန်းမြို့နယ်။ |
| အတွင်းနှင့်အဖုံးပုံနှိပ်သူ | – | ဦးဇေမျိုးဦး (အောင်မြင့်မိုရ်ပုံနှိပ်တိုက်) (၁၂၉၉)၊ အောင်သုခ ၂၇-လမ်း ၆-ရပ်ကွက်၊ သာကေတ၊ ရန်ကုန်မြို့။ |
| ထုတ်ဝေခြင်း | – | ပထမအကြိမ် ၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ |
| အုပ်ရေ | – | ၅၀၀ |
| တန်ဖိုး | – | ၁၅၀၀ ကျပ် |
| ဖြန့်ချိရေး | – | ရွှေမင်းသမီးစာပေ၊ ဖုန်း – ၀၉၄၃၀၃၃၁၅၂၊ ၀၁-၄၀၀၆၇၄ |

၈၉၅-၈၃

မဒိုစာ

မီးနေသည် သရဲမ/မဒိုစာ-ရန်ကုန် ။

ခုနှစ်စဉ်ကြယ်စာပေ၊ ၂၀၁၅

၁၇၆ စာ၊ ၁၃.၂၁ x ၂၀.၈၃ စင်တီ၊

(၁) မီးနေသည် သရဲမ


www.burmeseclassic.com

www.burmeseclassic.com

## ထွက်ရှိပြီးစာအုပ်များ


၁။ ခေါ်စာပစ်တဲ့ည

၂။ မလှစုန်းယိုး

၃။ အရှင်လတ်လတ်

၄။ ကနားစီးဒေဝါ

၅။ ခေါင်းတလားရာဇာ

၆။ နတ်ကဝေမယ်

၇။ ပျဉ်ထောင်ကတော်နတ်

၈။ ပုဏ္ဏားပျံစံအိမ်

၉။ ခုတင်နံပါတ် ၃၁

၁၀။ ဘုံစာကျွေးတဲ့နေ့

၁၁။ နတ်ကျားဝိညာဉ်

၁၂။ မာတင်္ဂ

၁၃။ ဘီလူးနက္ခတ်

၁၄။ မိုးကြိုးအလောင်း

၁၅။ နှစ်ဘဝရွှေသိုက်

၁၆။ မိုးနတ်ဒေဝီ

၁၇။ ကျိန်

၁၈။ မရဏာစာချွက်

၁၉။ မိစ္ဆာအိုး

၂၀။ လေးကျွန်းမှော်


www.burmeseclassic.com

www.burmeseclassic.com


၂၁။ ရဲမက်တစ်အွေ

၂၂။ ရွှေတောင်ရှာသူ မချမ်းသာ

၂၃။ ပတ္တမြားဝိညာဉ်

၂၄။ မိမိလေး

၂၅။ နှစ်တစ်ရာဂူသချိုင်း

၂၆။ နတ်ကိုးကြိမ်

၂၇။ ဝိညာဉ်မှတ်တမ်း

၂၈။ ရွှေမျက်နှာရှင်သခင်မ

၂၉။ အလောင်းကောင်

၃၀။ မီးစုန်း

၃၁။ အဆောင် ၈

၃၂။ ကျမ်းရူး

၃၃။ ဟိုင်းဝေးတစ်အွေ

၃၄။ သွေးစုပ်သူယောင်မယ်

၃၅။ အမေကိုစားတဲ့သမီး

၃၆။ အောက်လမ်း (ပထမပိုင်း)

၃၇။ အောက်လမ်း (ဇာတ်သိမ်း)

၃၈။ စုန်းတောက်တဲ့ . . . ည

၃၉။ ချစ်တီးတိုက်

၄၀။ သချိုင်းကုန်းက . . . ဟိုတယ်ကြီး

၄၁။ ကွန်ဒိုမှာခြောက်တဲ့သရဲ


www.burmeseclassic.com

www.burmeseclassic.com


၄၂။ ကျောက်ကြီးမောင်နှမ

၄၃။ ဘင်ပုပ်ငရဲကျခံရတဲ့မစော

၄၄။ ခတ်ဆေး

၄၅။ မှင်စာငိုသံ

၄၆။ တစ္ဆေခြောက်တဲ့ခုတင်ကြီး

၄၇။ အစိမ်းမ

၄၈။ အခန်းနံပါတ် A-၄၅

၄၉။ လူမည်းကြီး

၅၀။ Facebook တစ္ဆေ

၅၁။ သရဲကြီး အတာ


ယခု

မိုးနေသည်သရဲမ

www.burmeseclassic.com

www.burmeseclassic.com

# စီးနေသည့် သရဲမ

www.burmeseclassic.com

# အပိုင်း (၁)

www.burmeseclassic.com

www.burmeseclassic.com

ဝါကျင့်ကျင့်အရောင်နဲ့ ဟောင်းနွမ်းနေတဲ့ ဆေးရုံတစ်ခု။

ထိုဆေးရုံက သားဖွားဆေးရုံ။

ဟောင်းနွမ်းနေတဲ့ဆေးရုံကြီးဖြစ်ပေမယ့် မြို့ခံမိခင်လောင်းလျာများရဲ့အားထားရာ တစ်ခုတည်းသောသားဖွားဆေးရုံ။

www.burmeseclassic.com

www.burmeseclassic.com



ဟောင်းပေမယ့် ကောင်းတဲ့အချက်က မွေးဖွားစရိတ် သက်သာသလို သန့်ရှင်းတဲ့ သားဖွားခန်းရှိတဲ့အတွက် ထိုဆေးရုံ ကြီးက အမြဲဗိုက်ကြီးသည်တွေ၊ ညှော်တွေ့လာသူတွေနဲ့ စည်ကား နေတတ်တယ်။

ထိုဆေးရုံကြီးဟာ ကေမျှားစွာကျယ်ဝန်းသလို သုံးထပ် အဆောက်အဦကြီးကလည်း အိုမင်းနေပေမယ့် တောင့်တင်းနေဆဲ။

ဆေးရုံရဲ့ဝန်းထဲမှာတော့ အရိပ်ရအပင်အိုကြီး အများကြီးနဲ့ အုံ့ဆိုင်းနေသလို အဆောက်အဦရဲ့ ရှေ့တည့်တည့်မှာ လှပတဲ့ ပန်းခြံ လေးတစ်ခုနဲ့ တန်ဆာဆင်ထားတယ်။

ဆေးရုံဝန်းရဲ့မျက်နှာချင်းဆိုင်ကတော့ မြို့ခံလူကုံထံတွေ နေထိုင်တဲ့ ဆိတ်ငြိမ်ရပ်ကွက်လေး။ ခြံဝန်းကျယ်ကျယ်နဲ့ လုံးချင်း တိုက်လေးတွေက စီရရီ။

ဆေးရုံဝန်းအဝင် အုတ်ခုံလေးထက် ဗိုက်ကြီးသည်အမျိုး သမီးတစ်ဦးနဲ့ အထုပ်အပိုးတွေကိုင်ဆောင်ထားတဲ့ ကောင်မလေး တစ်ယောက်။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ဝန်ဆောင်အမျိုးသမီးဟာ ထိုအုတ်ခုံထက် ထိုင်ရင်း အမောဖြေနေပုံရတယ်။

"အစ်မ ဆေးရုံထဲ ဝင်ကြရအောင်လေ၊

ကျွန်မ ကြာနေရင် အမေဆူမှာစိုးလို့"

ကောင်မလေးရဲ့အသံကြောင့် ကိုယ်ဝန်ဆောင်အမျိုးသမီး ဟာ ချွေးသုတ်ရင်း ...

"အေးပုံရယ် ... နင်ကလည်း လောလိုက်တာ။

ငါ့မှာ ရပ်ကွက်ထဲကနေ ဒီအထိ

လမ်းလျှောက်လာရတာဟဲ့ ...

အမောလေးတော့ ဖြေပါရစေဦး။

ဆေးရုံအခန်းထဲထိတော့ ပစ္စည်းတွေ ပို့ပေးပါဟယ်။

ငါ မုန့်ဖိုးပိုပေးပါ့မယ်"

လို့ပြောလိုက်တဲ့အခါ ကောင်မလေးရဲ့မျက်နှာဝင်းပသွား တယ်။

"အင်း ... ဒါဆိုလည်းပြီးရော၊

www.burmeseclassic.com

www.burmeseclassic.com



ကြိုက်သလောက်နား အစ်မ။

အေးပုံတို့က မုန့်ဖိုးလိုနေတာနဲ့ အတော်ပဲ"

ကောင်မလေးက ရယ်ရယ်မောမော ပြောဆိုရင်းက တစ်ခုခု

ကို သတိပြုမိသွားဟန်နဲ့ ...

"ဟင် ... အစ်မလည်ပင်းက

အမြဲဝတ်ထားတဲ့ ရွှေဆွဲကြိုးလေးရော"

လို့ မေးလိုက်တယ်။

ကောင်မလေးရဲ့အမေးကြောင့် သူမလည်ပင်းကို ယောင်

ယမ်းကိုင်မိရင်း သက်ပြင်းချလိုက်မိတယ်။

"ဪ ... မိုးဖွားရမှာဆိုတော့

ရွှေဝတ်တာ မသင့်တော်ဘူး ထင်လို့လေ၊

အိမ်မှာသိမ်းထားခဲ့တယ်"

ထိုသို့ပြောလိုက်ရင်းက ပိုက်ဆံအိတ်လေးကို ကျစ်နေ

အောင် ဆုတ်ထားလိုက်မိတယ်။

သူမ မိုးဖွားစရိတ်အတွက် ရွှေကြိုးလေး ရောင်းခဲ့ရပြီ

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ဟုတ်လား။

ရင်မောစွာ သက်ပြင်းတစ်ချက်ချမိပြီး လေးပင်စွာ ထရပ်လိုက်တယ်။

"ကဲပါ ... အေးပုံရယ် အထဲဝင်ကြရအောင်။

အစ်မလည်း အမောပြေပါပြီ"

နှစ်ယောက်သား တလှုပ်လှုပ်နဲ့ သားဖွားဆေးရုံအိုကြီးရဲ့ ဝန်းထဲ လှမ်းဝင်ခဲ့ကြတော့တယ်။

ဆေးရုံကြီးရဲ့ အောက်ထပ်ကောင်တာရှေ့ရောက်တော့ သူမဟာ ဆေးစာအုပ် ထုတ်ပေးလိုက်တယ်။

ကောင်တာရှိ သူနာပြုဆရာမက ဆေးမှတ်တမ်းကြည့်ရှုပြီးနောက် ...

"တစ်ယောက်ခန်း ယူမှာလား၊

ဟောထဲ နေမလားရှင့်"

လို့ မေးလာတယ်။

သူမဟာ သူနာပြုဆရာမလေးကို ငေးကြည့်ရင်း ...

www.burmeseclassic.com

www.burmeseclassic.com



"တစ်ယောက်ခန်းက တစ်ရက်ဘယ်လောက်လဲ

ဆရာမ"

လို့ မေးလိုက်တဲ့အခါ သူနာပြုက ...

"တစ်ယောက်ခန်းက တစ်ရက်သုံးထောင်ပါ"

"ဟုတ်ကဲ့ ... ကျွန်မကို တစ်ယောက်ခန်းပဲ

စီစဉ်ပေးပါနော်"

□□□

www.burmeseclassic.com

www.burmeseclassic.com

မီးနေသည်သရဲမ . . .

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၂)

www.burmeseclassic.com

www.burmeseclassic.com

စကြဝဠာက ချိုးကွေ့လိုက်တာနဲ့ အခန်းကျဉ်းလေး တွေ။

သူနာပြုက အခန်းနံပါတ် ၈ မှာ ရပ်လိုက်ရင်း ...

“ပေးရှင့်နေရမှာ ဒီအခန်းပဲ ...

နားလိုက်ပါ။

www.burmeseclassic.com

www.burmeseclassic.com



ခဏနေမှ တာဝန်ကျသူနာပြု လာလိမ့်မယ်ရှင့်"

သူနာပြုပြန်ထွက်သွားတော့ အေးပုံက အခန်းထဲ ပစ္စည်းတွေ နေရာချပေးတယ်။

အခန်းကျဉ်းထဲ ခုတင်တစ်လုံးချထားပြီး ဘေးမှာ စားပွဲနဲ့ ခုံတန်းရှည်တစ်ခု ရှိတယ်။

ခုံတန်းရှည်ရဲ့ဘေးမှာတော့ အဖြူရောင် သံပုခက်တစ်လုံး။

ထိုပုခက်လေးကိုကြည့်ရင်း သူမ လတ်တလော အပူတွေ အေးသလိုကြီး ခံစားလိုက်ရတယ်။

မကြာမီရက်ပိုင်းမှာ ထိုပုခက်တွင်း ချစ်စရာကလေးငယ် တစ်ဦး ရောက်တော့မည် မဟုတ်လား။

အာထရာဆောင်းရိုက်တာတော့ သူမ ယောကျ်ားလေး မွေးမယ်တဲ့။

"အစ်မ ... အစ်မ ...ပြုံးပြုံးကြီးနဲ့

ဘာလုပ်နေတာလဲ။

ကျွန်မပြန်တော့မယ်လေ မုန့်ဖိုးပေးဦး"

www.burmeseclassic.com

www.burmeseclassic.com



အေးပုံလေးရဲ့အသံကြောင့် သူမ အတွေးစပြတ်သွားတယ်။

အိတ်ထဲက ငါးရာတန်တစ်ရွက် ထုတ်ရင်း ...

"ရော့ အေးပုံ ... ကျေးဇူးတင်တယ်နော်။

အစ်မ ဆေးရုံဆင်းတဲ့နေ့လည်း လာပေးဦးနော်။

မုန့်ဖိုးတစ်ထောင်ပေးမယ် သိလား"

အေးပုံက သူမပေးတဲ့ ငါးရာတန်ကို ကိုင်ရင်း သွားဖြဲပြီး...

"အင်းပါ အစ်မရဲ့ ... စိတ်သာချ

လာကြိုပေးမယ်။

သွားပြီးနော် အစ်မ"

လို့ ပြောထွက်သွားတော့တယ်။

သူမ အိပ်ရာထက် အသာအယာ လှဲချလိုက်တယ်။

အခန်းက ကျဉ်းလွန်းတဲ့အတွက် မွန်းကျပ်သလိုကြီး ခံစားရ

တယ်။

ဒါပေမဲ့ ဒီမွန်းကျပ်မှုက စိတ်မွန်းကျပ်မှုလောက် မဆိုးသေး

ဘူး။

www.burmeseclassic.com

www.burmeseclassic.com



ခုတင်ပေါ် ပက်လက်အိပ်ရင်း မိုက်ကို လက်နဲ့စမ်းလိုက်မိတယ်။

"သားလေးရေ ... မကြာခင် အူဝဲဆိုတဲ့
ငိုသံနဲ့အတူ..လူ့လောက ကြီးထဲ
ရောက်တော့မှာပါလား"

ဒီဆေးရုံက တန်ဖိုနည်းဆေးရုံဖြစ်တဲ့အတွက် မိုက်စအပ်တည်းက သူမ ဒီမှာပဲ အပ်ခဲ့တာ။

မွေးဖွားမည့် နှစ်ရက်အလို ကြိုပြီး ဆေးရုံတက်နိုင်းတဲ့အတွက် ကြိုတက်ရခြင်းသာ။

ဒီနေ့ နက်ဖြန်ကျော်ပြီး သုံးရက်မြောက်နေ့၊ သူမ မွေးဖွားရချေပြီ။

ဘေးအခန်းတွေဆီမှ စကားသံတွေ အတိုင်းသား ကြားနေရတယ်။

သူမစိတ်ထဲ အနည်းငယ် အားငယ်သလိုကြီး ခံစားလိုက်မိတယ်။

www.burmeseclassic.com

www.burmeseclassic.com



သူမဆီ ဘယ်သူမှ ညှော်လာမှာ မဟုတ်တဲ့သလို အထီးကျန်စွာ မွေးဖွားရမည် မဟုတ်ပါလား။

"မိန်းမရေ ... မင်းအားရှိအောင်

ခွတ်ပြုတ်လေး ဝယ်လာတယ်ကွ။

ပူတုန်းလေး သောက်လိုက်နော်။

ဒီမှာ အိုဗာတင်းလည်း လုပ်ပေးထားတယ်ကွာ"

ခေါင်းရင်းခန်းဆီက ပျံ့လွင့်လာတဲ့အသံကြောင့် သူမ တွေခနဲ ဖြစ်သွားတယ်။

မျက်လုံးအိမ်ထဲ မျက်ရည်ရစ်ဝိုင်းလာတဲ့အတွက် သူမ မျက်တောင်နဲ့ ပုတ်ခတ်ပစ်လိုက်တယ်။

"ကိုအောင် ... ကိုအောင်ရေ ...

ရှင် ဘယ်ရောက်နေသလဲ။

ခက် အခု မီးဖွားရတော့မှာ ကိုအောင်ရဲ့ ...

ကိုအောင်ရယ်"

စိတ်တွင်းက နာနာကျင်ကျင် ရေရွတ်မိတုန်း တုန်ယင်

www.burmeseclassic.com

www.burmeseclassic.com



လာတဲ့ နှုတ်ခမ်းကို အသာဖိကိုက်ထားမိတယ်။

"ငါဟာ ဘယ်တော့မှ စိတ်အားငယ်တဲ့မိန်းမ

မဖြစ်စေရဘူး။ နှင်းဆီခက် ...

နင့်ကိုယ်နင် အားတင်းထားစမ်း။

နင့်မျက်ရည် ပါးပြင်ပေါ် မကျစေနဲ့။

နင်ဟာ ခပ်ညံ့ညံ့မိန်းမ မဟုတ်ဘူး"

သူမ ကိုယ့်စိတ်ကိုယ်အားပေးရင်း မျက်လုံးမှိတ် ခေါင်းရမ်း

ပစ်လိုက်မိတယ်။

"အို လူနာရှင် ... ဘာဖြစ်သလဲ၊

ဘာဖြစ်လို့လဲ"

အခန်းထဲဝင်လာတဲ့ သူနာပြုရဲ့အသံကြောင့် သူမ မျက်လုံး

ဖွင့်သွားတယ်။

"ဘာမှမဖြစ်ပါဘူး ဆရာမ၊

ပင်ပန်းလို့ နားနေမိတာပါရှင်"

"ကျွန်မနောက် လိုက်ခဲ့ပါ၊

www.burmeseclassic.com

www.burmeseclassic.com



မွေးဖွားဖို့ လိုအပ်တဲ့ဆေးတွေ ဝယ်ရမယ်။

မွေးဖွားစရိတ်ပါ တစ်ခါတည်း ငွေသွင်းရမယ်နော်”

သူနာပြုဆရာမရဲ့စကားကြောင့် ပိုက်ဆံအိတ်လေးကို ဆွဲယူရင်း ...

“ဟုတ်ကဲ့ ဆရာမ ... အဆင်ပြေပါတယ်ရှင်”

လို့ အင်အားလျော့တဲ့အသံနဲ့ ပြောလိုက်မိတယ်။

၀၀၀

www.burmeseclassic.com

www.burmeseclassic.com

# သူမ ဘာဖြစ်မလဲ . . ?

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၃)

www.burmeseclassic.com

www.burmeseclassic.com

အချိန်က နေ့လယ်နှစ်နာရီကျော်နေပြီ။

ဗိုက်ထဲက ဆာလောင်မှုကြောင့် သူမ ရင်တုန်သလို ခံစားနေရတယ်။

ဒါကြောင့် ခုတင်ပေါ်က ဆင်းပြီး အခန်းပြင်ထွက်ခဲ့မိတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံရဲ့စင်္ကြံလမ်းဆီရောက်တဲ့အခါ သန့်ရှင်းရေးလုပ်နေတဲ့ အမျိုးသမီးတစ်ဦးကို တွေ့လိုက်ရတယ်။

"ဒီမယ် ... အစ်မကြီး ...

ကျွန်မကို တစ်ခုလောက်ကူညီပါလားရှင်"

ထိုအမျိုးသမီးက ကြမ်းတိုက်တာ ရပ်တန့်လိုက်ပြီး သူမကို လှည့်ကြည့်တယ်။

"ရပါတယ် ဘာကူညီပေးရမလဲ ညီမ"

"ကျွန်မမှာ လူနာစောင့်မရှိလို့ပါ အစ်မကြီးရယ်။

ဖြစ်နိုင်မယ်ဆိုရင် ကျွန်မအတွက်

ထမင်းဝယ်ပေးပါလားရှင်"

သန့်ရှင်းရေးအမျိုးသမီးက သူမကို ကရုဏာသက်စွာကြည့်ရင်း ...

"ကူညီပေးရမှာပေါ့ ညီမရယ်၊

ဒါပေမဲ့ ... အစ်မကတော့ အလုပ်ချိန်ဖြစ်နေတယ်။

တစ်ယောက်ယောက်ကို ဝယ်ခိုင်းပြီး

www.burmeseclassic.com

www.burmeseclassic.com



လာပို့ပေးမယ်နော်။ ဘယ်အခန်းကလဲ"

လို့မေးလာတဲ့အတွက် ...

"အခန်း ၈ ကပါ အစ်မ။

ကူညီတာ ကျေးဇူးပါပဲနော်။

ဒီမှာ ပိုက်ဆံပါ"

သန့်ရှင်းရေးအမျိုးသမီးဟာ ကြမ်းတိုက်တံကိုကိုင်ရင်း သူမကို ကြောင်အမ်းကြည့်နေတယ်။

"အစ်မကြီး ဒီမှာ ပိုက်ဆံလေ၊

ထမင်းဝယ်ဖို့လေ"

"အခန်း ၈ ကဟုတ်လား ညီမက"

"ဟုတ်တယ်လေ အစ်မကြီးရဲ့၊

ဒီမနက်မှ ရောက်တာ။

ဘာဖြစ်လို့လဲရှင့်"

"ဘာမှမဟုတ်ပါဘူး၊

ပေး ပေး ... အစ်မ လာပို့ပေးမယ်။

www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲမှာ နားနေနော်"

ကပျာကသီထွက်သွားတဲ့ ထိုအမျိုးသမီးကိုကြည့်ရင်း သူမ တွေးရခက်သွားတယ်။

ဒါပေမဲ့ ... ကိုယ်နဲ့မဆိုင်တဲ့အတွက် အခန်းရှိရာ ပြန်ခဲ့လိုက် တယ်။

အခန်းထဲပြန်ရောက်ပြီး မကြာဘူး သူနာပြု ဝင်လာတယ်။

"နေရထိုင်ရတာ သက်သာရဲ့လား ညီမ။

ပက်လက်လေး အိပ်လိုက်နော်။

သွေးပေါင်ချိန်ရအောင်"

ထိုသို့ပြောပြီးနောက် သူမကို သွေးပေါင်ချိန်ပေးတယ်။

ပြီးတော့ မှတ်တမ်းစာရွက်ထဲ ရေးမှတ်ရင်း ပြန်ထွက်သွား တယ်။

သူမတစ်ယောက်တည်း အခန်းထဲ ကျန်ရစ်ခဲ့တယ်။

နေ့လယ်ခင်းဖြစ်တဲ့အတွက် သားဖွားဆောင်တစ်ခုလုံး တိတ်ဆိတ်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီခက်တစ်ယောက် အိပ်ရာပေါ်လှဲရင်း ပြတင်းပေါက်ဆီ ငေးကြည့်မိတယ်။

သားဖွားဆောင်က ဒုတိယထပ်မှာ ရှိတဲ့အတွက် ပြတင်းကတစ်ဆင့် သစ်ပင်ကြီးတွေရဲ့ အကိုင်းအခက်တွေကို လှမ်းမြင်နေရတယ်။

ထိုပြတင်းပေါက်ကို ငေးကြည့်ရင်း သူမရဲ့အတွေးတွေ ပျံ့လွင့်သွားတယ်။

တစ်မနက်လုံး ပင်ပန်းတဲ့အရှိန်ကြောင့်လားမသိဘူး။

သူမ မျက်လုံးတွေ မှေးစင်းသွားရတယ်။

ခစ် ... ခစ် ... ခစ် ... ခစ် ... ခစ်

ကြားလိုက်ရတဲ့ ကလေးရယ်သံကြောင့် နိုးတစ်ဝက်ဖြစ်နေတဲ့ သူမ တခြားအခန်းတွေက ကလေးအသံလို့ ထင်လိုက်တယ်။

ပက်လက်အိပ်နေရာကနေ နံရံဘက်လှည့်ပြီး စောင်းအိပ်လိုက်တယ်။

ခစ် ... ခစ် ... ခစ် ... ခစ် ... ခစ်

www.burmeseclassic.com

www.burmeseclassic.com



ခစ် ... ခစ် ... ခစ် ... ခစ် ...

ဒီတစ်ခါတော့ နိုးတစ်ဝက်ဖြစ်နေတဲ့ သူမ လုံးဝနိုးသွားပြီ။

ဒါ့ကြောင့် ခေါင်းကို စောင်းငဲ့ပြီး လှည့်ကြည့်မိတယ်။

အခန်းထောင့်ရှိ ပုခက်ပေါ် ကုတ်တက်ရင်း ဆော့နေတဲ့ ကလေးတစ်ယောက်။

"ဟင် ... ဒီကလေး ဘာလို့ ငါ့အခန်းထဲ

ရောက်နေပါလိမ့်။ ကြည့်စမ်း ...

ပုခက်ပေါ် ကုတ်တက်ဆော့နေပါလား"

သူမ အာရုံစိုက်မှုနဲ့ အတွေးကို ထိုကလေးက သိနေသည့်နှယ်။

ကျောပေးလျက် တခစ်ခစ်ရယ်မောနေရာက သူမဆီ ခေါင်းလှည့်လာတယ်။

သူမ မျက်လုံးဝိုင်းစက်သွားမိပြီး ကြက်သီးတွေ ထကုန်တယ်။

ထိုကလေးရဲ့ဦးခေါင်းဟာ တောင်းပုံစံဖြစ်နေပြီး မျက်လုံး

www.burmeseclassic.com

www.burmeseclassic.com



တွေက အဆမတန် ကြီးနေတယ်။

လုံးဝ အချိုးအစားမကျတဲ့ မျက်နှာတစ်ခုအနေအထား။

သူမ ထိတ်လန့်ပြီး 'ဟာ'ခနဲ ရေရွတ်မိစဉ်မှာပဲ ထိုကလေး

ဟာ ရယ်မောရင်း ပြေးထွက်သွားတယ်။

သူမ ခုတင်ထောင့်ကပ်ရင်း အသက်ရှူမိရဲ့လားတောင်

မသိတော့ဘူး။

တအားထိတ်လန့်သွားတာ။

"ညီမလေး ... ဟဲ့ ... ညီမလေး"

ဘယ်အချိန်က သေားရောက်လာမှန်းမသိတဲ့ သန့်ရှင်းရေး

အမျိုးသမီး။

"အင် ... ဘာ ... ဘာလဲ အစ်မ"

သူမ ထိတ်ထိတ်လန့်လန့်နဲ့ ရေရွတ်လိုက်မိတယ်။

"ထမင်းဝယ်ပြီး လာပို့တာလေ။

ဒီမှာ ပိုတဲ့ငွေ။

ပန်းကန်တွေ၊ ခွက်တွေရော ပါရဲ့လား။

www.burmeseclassic.com

www.burmeseclassic.com



အစ်မ တစ်ခါတည်း ထည့်ပေးခဲ့မယ်"

"ဟို ... ဟို ... လက်ဆွဲအိတ်ထဲမှာရှိတယ်

အစ်မကြီး။ ကျ ... ကျွန်မကို ရေဘူးလေး

တဆိတ်လောက်ယူပေးပါလားရှင်"

သူမ ကတုန်ကယင်နဲ့ တောင်းဆိုလိုက်မိတယ်။

သန့်ရှင်းရေးအမျိုးသမီးက ရေဘူးယူပေးရင်း ဖောချွေးပျံနေ

တဲ့ သူမရဲ့မျက်နှာကို လှမ်းအကဲခတ်တယ်။

"ဆောင်းတွင်းကြီး ချွေးတွေ ပျံလို့ပါလား။

ဘာဖြစ်နေတာလဲဟင်"

သူမ ရေကို သောက်ချလိုက်ပြီး ...

"မွေးခါနီးတော့ စိတ်လှုပ်ရှားလို့ထင်တယ်

အစ်မကြီး။ ကျွန်မက ဒါ ... သားဦးလေ။

ဒါနဲ့ ... ခုနက အစ်မကြီးဝင်လာတုန်းက

ကျွန်မအခန်းထဲကနေ ပြေးထွက်သွားတဲ့

ကလေးတစ်ယောက် တွေ့လိုက်လားရှင်"

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးက တွေခနဲစဉ်းစားလိုက်ရင်း ခေါင်းခါရမ်းတယ်။

"မတွေ့မိဘူး ထင်တာပဲ။

ညီမအခန်းမဝင်ခင်က အစ်မ

တစ်ခန်းကျော်မှာ စကားရပ်ပြောနေတာလေ။

ကဲပါ ... ထမင်းစားလိုက်ဦး။

အစ်မနာမည် မဝင်းရီပါ။

လိုအပ်တာရှိ အချိန်မရွေးပြော ညီမ ...

အစ်မ သွားမယ်နော်"

□□□

www.burmeseclassic.com

www.burmeseclassic.com

ထိုကလေးက လူလား၊ တစ္ဆေလား . . .?

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၄)

www.burmeseclassic.com

www.burmeseclassic.com

ထိုနေ့ည ...

သုနာပြန္တဆရာမ သွေးပေါင်လာချိန်ပေးပြီးချိန်

သူမရဲ့အခန်းထဲ အမျိုးသမီးတစ်ဦး ဝင်လာတယ်။

"အစ်မက ဘေးအခန်းကပါ ညီမရဲ့။

မဝင်းရီဆီက ကြားရလို့ပါ ...

ညီမတစ်ယောက်တည်းဆိုတာ။

www.burmeseclassic.com

www.burmeseclassic.com



အခန်းချင်းကပ်လျက်ဆိုတော့ လိုအပ်တာရှိ

လှမ်းပြောနော်။ အစ်မဆီမှာက

စောင့်အိပ်ပေးတဲ့ အဒေါ်ရှိတယ်လေ”

အမျိုးသမီးက သူမကိုယ်သူမ မိတ်ဆက်ရင်း ခုံတန်းလေးမှာ ဝင်ထိုင်တယ်။

“ခုလို လာမေးတာ ကျေးဇူးတင်ပါတယ်

အစ်မရယ်။ အစ်မကရော ...

သားဦး မွေးမှာလားဟင်”

နှင်းဆီခက်ရဲ့ အမေးကြောင့် အမျိုးသမီးက ခေါင်းခါပြီး...

“တစ်ယောက်မွေးပြီးပြီ ညီမရဲ့။

ဒါက ... ဒုတိယမိုက်လေ။

မိန်းကလေးလို့ ပြောတာပဲ။

တစ်ဦးက သားလေးဆိုတော့

သားတစ်ယောက် သမီးတစ်ယောက်

ဖြစ်သွားတာပေါ့ကွယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ ညီမလေးကရော"

"ကျွန်မက အခုမှ သားဦးမွေးမှာအစ်မရဲ့။

ခွဲမွေးဖို့ စီစဉ်ထားပါတယ်။

အစ်မကရော ဒီမြို့ပေါ်ကပဲလားဟင်"

"မဟုတ်ဘူး ညီမရဲ့၊

အစ်မတို့က ဟိုးတောဘက်ကလေ။

အခုမွေးဖွားတာ မိသားစုတွေ

ဘုန်းကြီးကျောင်းတည်းရတာကွဲ့။

နေ့လယ်က သားရော၊ အဖေရော

လာကြတာလေ။ သားက လျှောက်ဆော့တော့လေ

နပ်စ်တွေလာပြီးငေါက်တာ ခံရတယ်။

ညီမရော နပ်စ်မဝဝကြီးနဲ့ တွေ့ရပြီးပြီလား"

"ဟုတ်လား၊ ကျွန်မဆီ သွေးပေါင်လာချိန်တာတော့

နစ်ပ်ပိန်ပိန်လေးပဲ။

ဝဝကြီးနဲ့တော့ မဆုံသေးဘူး"

www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး ... အဲ့ ... ဝတုတ်ကြီးနော်

အပေါက်သိပ်ဆိုးတာ သိလား။

အစ်မကို ကလေးဆော့လို့ဆိုပြီး

အော်ငေါက်သွားတာ ရစရာမရှိဘူး။

တအားစိတ်တိုဖို့ကောင်းတယ်။

ဒါနဲ့ ... ငါ့ညီမရဲ့ခင်ပွန်းနဲ့အိမ်သားတွေရော။

စပ်စုတာမဟုတ်ဘူးနော်"

အမျိုးသမီးရဲ့စကားကြောင့် နှင်းဆီခက်တစ်ယောက် ဆို့နင့်သွားမိတယ်။

"အမျိုးတွေအားလုံးက ရန်ကုန်မှာပါ အစ်မ။

ကျွန်မခင်ပွန်းက စင်ကာပူထွက်သွားတာ ကြာပြီ။

ဒါ့ကြောင့် တစ်ယောက်တည်း ဖြစ်နေတာပါ"

"ဪ ... ဒီလိုလား။

ဘာမှအားမငယ်နဲ့နော် ညီမ။

ညီမနဲ့အစ်မက မွေးမှာလည်း

www.burmeseclassic.com

www.burmeseclassic.com



တစ်ရက်တည်းပဲလေ။ လိုတာရှိ လှမ်းပြောလိုက်။

နေဦး ... အစ်မမှာ အအေးဘူး အပိုပါတယ်။

သွားယူလိုက်ဦးမယ်"

စိတ်မြန်လက်မြန်ရှိတဲ့ အမျိုးသမီးက ဗိုက်မှအားမနာ ...

ဖျတ်ခနဲ ထသွားတဲ့အတွက် သူမ တားဆီးချိန်မရလိုက်ဘူး။

ခဏကြာတော့ စပရိုက်ဘူးကြီး၊ ကုတ်ဘူးကြီးနှစ်ဘူး ကိုင်

ပြီး ပြန်ရောက်လာတယ်။

"အားနာစရာပဲ အစ်မရယ်၊

ကျွန်မမှာ အစ်မကို ပြန်ပေးစရာ

ဘာမှပါမလာဘူး"

"မလိုပါဘူး ညီမ။ မိန်းမသားတွေအားလုံးမှာ

မိခင်စိတ်ရှိတယ်လေ။

အားငယ်နေတဲ့မိန်းကလေးတစ်ယောက်ကို

ကူညီဖေးမတာ မိခင်သဘောတရားပဲပေါ့ကွယ်။

ကဲ ကဲ ... နားနေလိုက်နော်။

www.burmeseclassic.com

www.burmeseclassic.com



အချိန်ပဲ ဆယ်နှာရီကျော်နေပြီ၊

နောက်မှတွေ့မယ် ညီမရေ"

ထိုကိုယ်ဝန်ဆောင်အမျိုးသမီးဟာ သူမ ပြောချင်ရာပြောရင်း အအေးဘူးတွေချပြီး ပြန်ထွက်သွားပြန်တယ်။

နှင်းဆီခက်တစ်ခယောက် ခုတင်ပေါ် လှဲချလိုက်ရင်းက ...

"ဩော် ... ငါ့ဘဝ ကံဆိုးမိုးမှောင်ကျနေပြီ ထင်တာ။

ငါ့အနားက လူတွေထက် သူစိမ်းတွေ၊

ခုမှတွေ့မြင်ဖူးတဲ့လူတွေက ငါ့ပေါ်

သိပ်ကောင်းကြပါလား"

လို့ တွေးလိုက်မိတယ်။

ထိုသို့ တွေးမိပြီးနောက် သူမရဲ့စိတ်တွေက ဟိုးအတိတ်တွေဆီ ပြန်ရောက်သွားတော့တယ်။

□□□

www.burmeseclassic.com

www.burmeseclassic.com

နှင်းဆီစက်ရဲ့အတိတ်မှာ
ဘာတွေဖြစ်ခဲ့သလဲ . . .?

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၅)

www.burmeseclassic.com

www.burmeseclassic.com

**နှင်းဆီခက်ရဲ့ချစ်သူ** နေသော်က အောင်မြင်တဲ့ အဆိုတော်တစ်ယောက် ဖြစ်ချင်တဲ့သူ။

သူမရဲ့မိဘတွေက နေသော်နဲ့ သဘောမတူဘဲ ကုန်သည်တစ်ယောက်နဲ့ လက်ထပ်ပေးဖို့ ကြိုးစားကြတဲ့အတွက် သူမတို့ ခိုးရာလိုက်ပြေးခဲ့ကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



မိဘတွေကလည်း ထိုသို့ ခိုးရာလိုက်ပြေးတဲ့အတွက် သူမကို အမွေဖြတ်ခဲ့သလို ဆွေခန်းမျိုးခန်းပါ ဖြတ်တောက်ခဲ့ကြတယ်။

သူမတို့ရပ်ကွက်လေးတစ်ခုရဲ့ အိမ်သေးသေးလေးတစ်လုံးမှာ ငှားရမ်းနေပြီး အိမ်ထောင်ဦးကာလတွေ ကျော်ဖြတ်ခဲ့ကြတယ်။

အချစ်တစ်ခုတည်းနဲ့ ထူထောင်ခဲ့တဲ့ အိမ်ထောင်ဖြစ်ပေမယ့် တစ်ချိန်လုံး သီချင်းရေးလိုက် သီချင်းတိုက်လိုက် အလုပ်နဲ့သာ အချိန်ကုန်နေတဲ့ ခင်ပွန်းသည်ကြောင့် သူမရှေ့ရေးအတွက် တွေးပြီး ရင်မောခဲ့မိတယ်။

ဒါကြောင့် ခင်ပွန်းဖြစ်သူကို သူမက နားသွင်းဖျောင်းဖျပြီး သူမအိမ်ကပါလာတဲ့ လက်ဝတ်လက်စားတွေ ထုခွဲရောင်းချခဲ့တယ်။

ပြီးတော့ ထိုရောင်းရငွေနဲ့ အေဂျင်စီတစ်ခုနဲ့ စပ်မိရင်း ခင်ပွန်းသည်ကို စင်ကာပူစေလွှတ်ခဲ့မိတယ်။

နေသော် ထွက်သွားတာ ကြာခဲ့ပါပြီ။

စင်ကာပူရောက်ပြီး သုံးလလောက်အထိ သူမနဲ့ အဆက်အသွယ်မပြတ်ခဲ့ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်း အဆက်အသွယ်မရတဲ့အတွက် အဂျေင်စီကို လည်း သွားရောက်စုံစမ်းခဲ့တယ်။

ဒါပေမဲ့ ... ဘာမှအကြောင်းထူးမလာခဲ့ဘူး။

နေသော် ထွက်သွားတည်းက သနွေတည်ခဲ့တဲ့ကိုယ်ဝန်။

ခုဆို မွေးဖွားဖို့အချိန် ရောက်တော့မယ်။

သူမ ခင်ပွန်းသည်အတွက် စိုးရိမ်ပူပန်စိတ်တွေနဲ့ မျက်ရည် စွက်အိပ်ခဲ့ရတဲ့ ညပေါင်းမနည်းခဲ့ဘူး။

ခုလို မွေးဖွားခါနီးအချိန်မှာ ပိုလို့တောင် တမ်းတမိတယ်။

"နေနိုင်လိုက်တာ ကိုနေရယ်။

ခက်ဆီ စာမလာ သတင်းမကြားဘဲ

နေနိုင်ရက်လိုက်တာ။

အားငယ်စိတ်ကို ခွန်အားအဖြစ်ပြောင်းပြီး

ကြိုးစားနေခဲ့ပေမယ့် မကြာခင်

သားလေး ဗိုက်ထဲက ထွက်လာတော့မယ်။

သတိရတယ် ကိုနေရယ်။ တအားလွမ်းနေပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



စိတ်တွင်းက ရေရွတ်သံနဲ့အတူ သူမမျက်လုံးထောင့်က မျက်ရည်တွေ လိမ့်ဆင်းလာတယ်။

ကျွီ ... ကျီ ... ကျွီ

အသံက နားထဲတိုးဝင်လာတယ်။

အိပ်ရာထက် ဘေးစောင်းအိပ်ရင်း ပြတင်းပေါက်ကိုငေးကြောကွဲနေတဲ့ သူမအသံကြောင့် သတိဝင်လာတယ်။

ကျွီ ... ကျီ ... ကျွီ ... ကျွီ

အပြင်လောကမှာ အမှောင်ထုက ကြီးစိုးထားတယ်။

ဆေးရုံထဲမှာတော့ မီးတွေ လင်းထိန်နေပေမယ့် တိတ်ဆိတ်မှုရယ်၊ ဆေးရုံရဲ့အနံ့အသက်တွေရယ်ကြောင့် ချောက်ချားဖို့ ကောင်းနေတယ်။

ကျီ ... ကျီ ... ကျီ ... ကျီ။

သူမရဲ့မျက်လုံးတွေက အသံကို ရှာဖွေလိုက်မိတယ်။

အခန်းထောင့်ရှိ အဖြူရောင်ကလေးမုခက် လွှဲနေသည်ပိုကြီး လှုပ်ရမ်းနေတယ်။

www.burmeseclassic.com

www.burmeseclassic.com



သူမစိတ်ထဲ ထင့်ခနဲဖြစ်သွားတယ်။

မျက်ရည်တွေနဲ့ ဝေဝါးနေတဲ့မျက်လုံးကို အသာပွတ်သပ်ပြီး ထိုနေရာကို ပြန်ကြည့်မိတယ်။

"ဟင် ... ပုခက်က ငြိမ်သက်နေပါလား။

အသံလည်း မကြားရတော့ဘူး။

ငါပဲ အမြင်မှားတာလား။

ညနေကလည်း ငါအိပ်နေတုန်း

ဒီပုခက်မှာပဲ ကလေးတစ်ယောက်

ဆော့ကစားနေတာ။ အို ... ဒါ ဟိုဘက်ခန်းက

အမျိုးသမီးရဲ့ကလေး ဝင်လာတာလည်း

ဖြစ်နိုင်တာပဲ။ ငါ စိတ်နဲ့ကိုယ်နဲ့မကပ်လို့

အခု အမြင်မှားတာပါပဲ"

□□□

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၆)

www.burmeseclassic.com

www.burmeseclassic.com

## နောက်တစ်နေ့ မနက်ခင်း

တာဝန်ကျသူနာပြုက သူမကိုလာပြီး သွေးပေါင်ချိန်ပေးတယ်။

ဆေးတစ်လုံးထိုးပေးတယ်။

သူနာပြုဆရာမထွက်သွားတော့ သူမ အိမ်ကယူလာတဲ့

www.burmeseclassic.com

www.burmeseclassic.com



မုန့်ခြောက်နဲ့ အအေးသောက်ပြီး မနက်စာ စားသောက်လိုက်တယ်။

ပြီးတော့ ... ရေချိုးချင်တဲ့အတွက် ရေချိုးခန်းရှိရာ ထွက်ခဲ့တယ်။

ရေချိုးခန်းထဲက ရေသံတွေ ကြားနေရတယ်။

အထဲမှာ လူရှိပါလားဆိုတဲ့အသိကြောင့် ရေချိုးခန်းနဲ့ မလှမ်းမကမ်းမှာရှိတဲ့ ခုံတန်းမှာထိုင်ရင်း စောင့်စားနေမိတယ်။

ဆယ်မိနစ်လောက်ကြာပြီးတဲ့နောက် ...

"ညီမ ဒီမှာ ဘာထိုင်လုပ်နေတာလဲ"

ခေါင်းမော့ကြည့်မိတော့ သန့်ရှင်းရေးဝန်ထမ်းအမျိုးသမီး။

"ရေချိုးမလို့လေ အစ်မကြီးရဲ့။

အခန်းထဲမှာ လူရှိလို့ စောင့်နေတာပါ"

ထိုအမျိုးသမီးက ရေချိုးခန်းရှိရာ လျှောက်သွားရင်း နားမလည်ဟန်နဲ့ ...

"အထဲမှာ လူမရှိဘူးလေ ညီမရဲ့။

ဒီမှာကြည့် ရေချိုးခန်းက သော့ခတ်ထားတယ်"

www.burmeseclassic.com

www.burmeseclassic.com



သူမ အံ့အားသင့်မှုနဲ့အတူ ရေချိုးခန်းရှေ့ ရောက်သွားတယ်။

"ရှင် ... ဟုတ်ပါရဲ့။ သော့ခတ်ထားပါလား။

ဒါပေမဲ့ ... ခုနက ရေသံတွေကြားနေရတယ်"

သန့်ရှင်းရေးအမျိုးသမီးက ခေါင်းရမ်းလိုက်ပြီး ...

"မဖြစ်နိုင်ဘူး ညီမ။ ဒါက ...

မီးဖွားမယ့်သူတွေအတွက် သီးသန့်ရေချိုးခန်းလေ။

တခြားလူတွေဝင်ပြီး ရေချိုး၊

အဝတ်လျှော်တာတွေ လုပ်လွန်းလို့

သော့ခတ်ထားတာ။

သော့က သူနာပြုနားနေခန်းမှာ ယူလို့ရတယ်။

ကဲပါ ... အစ်မပဲ သော့သွားယူပေးမယ်နော်"

လို့ပြောရင်း သော့သွားယူပေးတယ်။

နှစ်ဆီခက်တစ်ယောက် အတော်လေးကို တွေးရခက်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



ခုနက သူမ ရေချိုးခန်းရဲ့တံခါးကို သေချာမကြည့်မိပေမယ့် ရေသံတွေကြားခဲ့ရတာ အသေအချာပဲလေ။

"ငါ ဘာတွေဖြစ်နေတာလဲ။

ငါပဲ အာရုံတွေ ရှုပ်ထွေးနေလို့ အကြားမှားတာလား။

မဟုတ်ပါဘူး ... မဖြစ်နိုင်ဘူး။

ရေချိုးခန်းထဲက ရေသံကြားရတာ အသေအချာပဲ။

ဘယ်လိုတွေးရမှန်းကို မသိတော့ဘူး"

သူမ တွေးတောနေစဉ်မှာပဲ သန့်ရှင်းရေးအမျိုးသမီး ပြန်ရောက်လာပြီး သော့ပေးတယ်။

"နေ့လယ် ထမင်းဝယ်ပေးရမှာ မဟုတ်လား။

အစ်မပြီးမှ လာခဲ့မယ်နော် ...

ရေချိုးလိုက်ဦး"

ထိုအမျိုးသမီးက ပြောဆိုပြီး ဆက်လျှောက်သွားတယ်။

သူမ ရေချိုးခန်းတံခါး သော့ဖွင့်ပြီး ရေချိုးဖို့ဝင်လိုက်တော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



ရေချိုးပြီးတော့ သော့ကို သူနာပြုနားနေဆောင်ထဲ ပြန်ထား ပေးလိုက်တယ်။

အခန်းထဲပြန်ရောက်ချိန် သူမရဲ့မျက်လုံးအစုံ ပြူးကျယ် သွားမိတယ်။

ကလေးပုခက်ပေါ်တင်ထားတဲ့ အဖုံးပိတ်ဆွဲခြင်း။

ဆွဲခြင်းက အဖုံးပွင့်နေသလို အသင့်ယူလာတဲ့ ကလေးအနှီး တွေ အဝတ်အစားတွေ ပွစာကြဲနေတယ်။

တစ်ယောက်ယောက် ဝင်ရောက်မွှေနှောက်ထားသည့်နှယ်။

စိတ်ထဲ တင်းခနဲဖြစ်သွားပြီး ခေါင်းအုံးအောက် ပိုက်ဆံ အိတ်ကို အလျင်အမြန် ဖွင့်ကြည့်မိတယ်။

“အမယ်လေး တော်ပါသေးရဲ့၊

ရှိစုမဲ့စုငွေလေး ဘာမှမဖြစ်လို့။

တစ်ယောက်ယောက် ငါ့အခန်းဝင်သွားတာ

သေချာတယ်။ ဒါပေမဲ့ ... ငွေမပျောက်ဘဲ

ကလေးပစ္စည်းထည့်ထားတဲ့ခြင်းကို ဘာကြောင့်

www.burmeseclassic.com

www.burmeseclassic.com



မွေနှောက်သွားရသလဲ"

အတွေးနဲ့အတူ ဆွဲခြင်းကို အိပ်ရာပေါ်တင်ရင်း ကလေးပစ္စည်းတွေ ပြန်စစ်ဆေးလိုက်တယ်။

ကလေးအသုံးအဆောင်ပစ္စည်းအားလုံး အပျောက်အရှမရှိတာကို အံ့အားသင့်ဖွယ် တွေ့လိုက်ရပြန်တယ်။

သူမ အတော်ကို အတွေးကျပ်သွားမိတယ်။

မနေ့က အိပ်နေတုန်း အခန်းထဲရောက်လာတဲ့ မျက်နှာပုံပန်းမကျတဲ့ ကလေးငယ်၊ ညကကြားရတဲ့ ပုခက်လွှဲသံ၊ ရေကျသံကြားရတဲ့ ရေချိုးခန်း။

ယခုအဖြစ်အပျက်။

ဘာတွေကြုံနေရမှန်း သူမ မသိပေမယ့် တွေးမိရုံနဲ့ ရင်ထဲစိမ့်ခနဲ ခံစားလိုက်ရမိတယ်။

□□□

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၇)

www.burmeseclassic.com

www.burmeseclassic.com

"နောင်ခါကျ မနက်ခြောက်နာရီ ခွဲခန်းဝင်ရမယ်နော်။ မနက်ဖြန် ခွဲလူနာ သုံးဦးရှိတယ်"

သွေးပေါင်လာချိန်ပေးတဲ့ ဆရာမရဲ့စကားကြောင့် သူမ စိတ်လှုပ်ရှားသွားမိတယ်။

မနက်ခြောက်နာရီဆို သူမရဲ့သားလေးကို မြင်တွေ့ခွင့်

www.burmeseclassic.com

www.burmeseclassic.com



ရတော့မှာ မဟုတ်ပါလား။

သားလေးဟာ ကိုနေရဲ့ကိုယ်ပွားဖြစ်သလို သူမအတွက် အင်အားတစ်ခုလည်း ဖြစ်တယ်။

စိတ်လှုပ်ရှားမှုနဲ့အတူ ပျော်ရွှင်ကြည်နူးမှုနဲ့ လိုက်ဖိုသွားမိတယ်။

"ညီမရေ … မနက်ကျ အစ်မတို့အတူ

ခွဲခန်းဝင်ရမှာနော်။ ကြည့်စမ်း …

မျက်ရည်တွေ ဝေ့လို့ပါလား။

ကြောက်နေတာလား၊ စိတ်လှုပ်ရှားနေတာလား။

ကလေးမွေးတာ ကြောက်စရာမရှိပါဘူး ညီမရယ်။

မွေးပြီးတော့လည်း ပြီးသွားတာပါပဲ"

အခန်းထဲဝင်လာတဲ့ ဘေးအခန်းက ကိုယ်ဝန်ဆောင်အမျိုးသမီး။ ကလေးတစ်ယောက် လက်ဆွဲဝင်လာတယ်။

သူမ အတွေးစပြတ်ရင်း ပြုံးပြလိုက်မိတယ်။

"မကြောက်ပါဘူး အစ်မရယ်။

www.burmeseclassic.com

www.burmeseclassic.com



တစ်ဦးဆိုတော့ စိတ်လှုပ်ရှားမိတာတော့ မှန်ပါတယ်။

ဒီကလေးက အစ်မရဲ့သားလေးလားဟင်”

သူမ ကလေးငယ်ကို ကြည့်မေးလိုက်တယ်။

“အင်းလေ ... ဒါ အစ်မရဲ့သားကြီးပေါ့။

သူလည်း ပျော်နေတာလေ။

နက်ဖြန် ညီမလေး ရတော့မယ်ဆိုပြီး။

ဟင်း ... ဟင်း ... ဟင်း”

အမျိုးသမီးက သားဖြစ်သူရဲ့ဆံပင်ကို ပွတ်သပ်ရင်း ပြောလာတယ်။

နှင်းဆီခက်က ထိုကောင်လေးကိုကြည့်ရင်း အတွေးတစ်ခု ဝင်လာတယ်။

အခန်းထဲဝင်လာပြီး ကလေးပုခက်ဆော့တဲ့ ကလေးဟာ ထိုအမျိုးသမီးရဲ့သားလို့ ထင်ထားတာ။

ထိုထင်မြင်မှု လွဲမှားသွားတာ သိလိုက်ရတယ်။

ဟိုကလေးက ဆန်ချိန်တဲ့ပြည်တောင်းလို အနေအထား

www.burmeseclassic.com

www.burmeseclassic.com



ပုံမှန်မဟုတ်တဲ့ ဦးခေါင်းရှိသူ မဟုတ်ပါလား။

"မခင်မေ ဘယ်ရောက်နေသလဲ ... မခင်မေ"

ကျယ်လောင်တဲ့ သူနာပြုအသံကြောင့် ထိုအမျိုးသမီး အမြန်ပြန်ထွက်သွားတယ်။

နှင်းဆီခက်တစ်ယောက် အိပ်ရာပေါ်လှဲအိပ်ရင်း စိတ်ထဲတစ်မျိုးကြီးဖြစ်သွားတယ်။

မနေ့တည်းက ပုံမှန်မဟုတ်တဲ့ အကြောင်းအရာတွေနဲ့ ကြုံတွေ့နေရတယ်လို့ ခံစားမိတယ်။

ဒါပေမဲ့ ထိုအတွေကို ခဏတွင်း မေ့ပစ်လိုက်ပြီး မကြာခင်မြင်ရမယ့်သားလေးရဲ့မျက်နှာကို စိတ်ကူးယဉ်လိုက်မိတယ်။

"သားက ငါနဲ့တူမှာလား၊ ကိုနေနဲ့တူမှာလား မသိဘူး။

ကိုနေနဲ့သာတူရင်တော့ အသားဖြူဖြူ၊

မျက်ခုံးကောင်းကောင်းနဲ့ သိပ်ချောမှာပဲ။

သားလေးရေ ... မေမေ ရင်တွေသိပ်ခုန်နေတာ သိရဲ့လား။

မေမေလေ အရင်ကလို အထီးကျန်မဆန်တော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဦးတည်ရာမဲ့ လျှောက်စဉ်းစားရင်း အချိန်တွေက တဖြည်းဖြည်း ကုန်လာတယ်။

ပတ်ဝန်းကျင်ကို သတိပြုမိတော့ ဆေးရုံတစ်ခုလုံး တိတ်ဆိတ်လျက်။

ဒါ့ကြောင့် စားပွဲတင်နာရီလေးကို လှမ်းကြည့်လိုက်မိတယ်။

ညဆယ်နာရီကျော်နေပြီပဲ။ သူမ အိပ်မှဖြစ်မယ်။

မနက်အစောကြီး ခွဲခန်းဝင်ရမည် မဟုတ်ပါလား။

သူမ မိုက်ကိုပွတ်သပ်ရင်း အိပ်ပျော်ဖို့ ကြိုးစားလိုက်မိတယ်။

သားလေးက မကြာခင် လူ့လောကထဲ ထိတွေ့ခွင့်ရတော့မှာကြောင့်လားမသိဘူး။

အတွင်းကနေ တအားတွန်းကန်လှုပ်ရှားနေတယ်။

လှုပ်နေတဲ့ ဗိုက်နေရာကို ပွတ်သပ်ရင်း သူမ ကြည်နူးစွာ အိပ်စက်လိုက်တော့တယ်။

□□□

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၈)

www.burmeseclassic.com

www.burmeseclassic.com

**သားဖွားဆေးရုံကြီးရဲ့** ကားလမ်းမရှေ့ နှင်းဆီခက် တစ်ယောက် ကားလမ်းကူးဖို့ ပြင်လိုက်မိတယ်။

ဒါပေမဲ့ ... ရှည်လျားလွန်းတဲ့ ကားတန်းကြီးကြောင့် သူမ လမ်းဖြတ်ကူးဖို့ မလွယ်ကူဘူး။

ဒါကြောင့် ... ကားတန်းကြီးကို ငေးကြည့်ရင်း စောင့်စား

www.burmeseclassic.com

www.burmeseclassic.com



နေမိတယ်။

ကားတန်းကြီးက နာရေးကားတန်းကြီး။

သေဆုံးသူက အဘော်လေးကို ချမ်းသာပြည့်စုံပုံရတယ်။

ပန်းခွေတွေပြည့်နက်နေတဲ့ အလောင်းတင်ကားကြီးဟာ တဖြည်းဖြည်း သူမရဲ့ရှေ့ ရောက်လာတယ်။

သူမဟာ မှန်ခေါင်းသွင်းထားတဲ့ အလောင်းရဲ့ရှေ့ထောင်ထားတဲ့ ဓာတ်ပုံကြီးဆီ အကြည့်ရောက်သွားမိတယ်။

ကနုတ်ဘောင်နဲ့ ကြီးမားလွန်းတဲ့ ဓာတ်ပုံကြီး။

ထိုဓာတ်ပုံပိုင်ရှင်ဟာ ငယ်ရွယ်တဲ့အမျိုးသမီးတစ်ဦး ဖြစ်သလို ချောမောလှပလွန်းနေတယ်။

သူမရဲ့နှုတ်ခမ်းတွေက ပြုံးနေသလို မျက်အိမ်နက်နက်ရဲ့ အကြည့်က နင်းဆီခက်ရဲ့ရင်ထဲ ဖောက်ထွက်သွားသလို စူးရှလွန်းလှတယ်။

သူမ ထိုဓာတ်ပုံကနေ မျက်လုံးမခွာနိုင်အောင် ငေးစိုက်ကြည့်နေမိတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ပုံထဲရှိ ချောမောလှတဲ့ အမျိုးသမီးရဲ့မျက်လုံးတွေက သူ့ကို ပြန်စိုက်ကြည့်နေသည့်နှယ်။

ကြည့်နေရင်းက သူမတစ်ကိုယ်လုံး အင်အားကင်းမဲ့သလို ခံစားလိုက်ရတယ်။

နာရေးပို့ကားတန်းတွေရဲ့ နံဘေးမှာ ကပ်ထားတဲ့ စာရွက်ဖြူတွေ။

"မမေရီတင်တင် အသက် (၂၄) နှစ်"

ထိုစာကို ဖတ်မိရင်း ဓာတ်ပုံပိုင်ရှင်ဟာ အသက်ငယ်ငယ်နဲ့ သေဆုံးတာကို သိလိုက်ရတယ်။

သူမရင်ထဲ ထိုအမျိုးသမီးအတွက် ကြေကွဲသလို၊ နှမြောသလိုကြီး ခံစားနေမိတယ်။

ဒီလောက်ချောမောလှပသူတစ်ယောက် ငယ်ငယ်ရွယ်ရွယ်နဲ့ သေဆုံးခဲ့ပြီ မဟုတ်ပါလား။

နာရေးကားတန်းရဲ့ နောက်ဆုံးရှိ ဝတ်ရွတ်အဖွဲ့ရဲ့ တရားသံကလည်း သူမရဲ့စိတ်ကို ပိုပြီး ညှိုးရော်စေတယ်။

www.burmeseclassic.com

www.burmeseclassic.com



သူမ ငေးကြည့်နေတုန်းမှာပဲ နာရေးကားတန်းကြီးက တဖြည်းဖြည်း အဝေးရောက်သွားပြီ။

သူမ မရှင်တဲ့စိတ်နှလုံးနဲ့ ကားလမ်းကို ဖြတ်ကူးလိုက်တယ်။

"နှင်းဆီခက် ... နှင်းဆီခက်"

နာမည်ခေါ်သံကြောင့် သူမ ဆတ်ခနဲတုန်သွားပြီး မျက်လုံးပွင့်သွားတယ်။

သူမကိုစိုက်ကြည့်နေတဲ့ သူနာပြုဆရာမ။

"ငါးနာရီခွဲနေပြီရှင့် ... မကြာခင် ခွဲခန်းဝင်ရတော့မှာ၊ အမြန်လုပ်ပါ"

သူနာပြုဆရာမဟာ သူမကို နှိုးပြီး ပြန်ထွက်သွားတယ်။

"ဒါဆို ... ခုနက ငါ အိပ်မက်မက်နေတာပေါ့။

အိပ်မက်ကလည်း အပြင်မှာ

တကယ်ကြုံခဲ့သလိုကြီး ခံစားရတယ်။

မျက်လုံးထဲမှာ မေရီတင်တင်ဆိုတဲ့

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးရဲ့ပုံကို စွဲနေတယ်။

အို ... ငါ ဘာတွေတွေးနေပါလိမ့်။

ဒီအချိန်က ငါ့အတွက် အရေးကြီးဆုံးအချိန်။

ခွဲခန်းထဲဝင်ဖို့ ငါ အမြန် ပြင်ဆင်ရမယ်"

အတွေးစကို ဖျောက်ပစ်ရင်း မျက်နှာသစ်လိုက်တယ်။

ပြီးတော့ ဆေးရုံကပေးထားတဲ့ နောက်ခွဲအင်္ကျီရှည်ဝတ်ပြီး အသင့်စောင့်နေလိုက်တယ်။

ခဏနေတော့ ဆူညံတဲ့တွန်းလှည်းလိုအသံမျိုးတွေ ကြားလိုက်ရတယ်။

ဆေးရုံဝန်ထမ်းအမျိုးသမီးတစ်ဦးဟာ ဝိုးချဲလ်နဲ့ အခန်းဝရပ်ရင်း ...

"မနှင်းဆီခက် မွေးခန်းဝင်ရအောင်ရှင့်"

လို့ ပြောလာတယ်။

သူမဟာ နောက်ကျောကွဲအင်္ကျီကြီးကို လက်နဲ့လှမ်းဆွဲရင်း ဝှီးချဲလ်ပေါ်တက်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဘေးခန်းက အမျိုးသမီးနဲ့ ကျန်တစ်ယောက်လည်း သူမလိုပဲ ဝိုးချဲလ်အသီးသီးပေါ် ထိုင်လျက်။

ဝိုးချဲလ်သုံးစီးဟာ ခွဲစိတ်ခန်းဆီ တရွေ့ရွေ့သွားနေသလို နှင်းဆီခက်တစ်ယောက် စိတ်လှုပ်ရှားနေပြီ။

ခွဲစိတ်ခန်းကြီးရဲ့တံခါးပွင့်သွားတော့ ချမ်းစိမ့်မှုနဲ့အတူ ပိုးသတ်ဆေးအနံ့တွေ ရှူရှိုက်လိုက်ရတယ်။

ခွဲလူနာသုံးဦးကို အခန်းထဲရှိ ခုတင်အသီးသီးပေါ် နေရာယူစေတယ်။

ဦးဆုံးခွဲဖို့အလှည့်ကျသူက ဘေးခန်းက အမျိုးသမီး။

ထိုအမျိုးသမီးကိုတော့ ခွဲစိတ်စင်ရှိရာ ခေါ်ဆောင်သွားတယ်။

နှင်းဆီခက်နဲ့ ကျန်တစ်ယောက်ကတော့ ခွဲစိတ်စင်နဲ့ အလှမ်းဝေးတဲ့ ခုတင်လိုလို စင်လိုလိုအရာပေါ်မှာ တစ်နေရာစီ။

ခဏကြာတော့ ဘေးခန်းကအမျိုးသမီးရဲ့ ထိုးအော်သံကို ကြားနေရတယ်။

www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီခက်လည်း ဘုရားဂုဏ်တော်တွေ တွင်တွင်ရွတ်ရင်း ဒီတ်ကတော့ လှုပ်ရှားနေပြီ။

ဘေးခန်းက အမျိုးသမီးပြီးရင် ဘယ်သူ့အလှည့်များပါ လိမ့်။

သူမ မျက်လုံးမှိတ် ဘုရားအာရုံပြုထားမိတယ်။

□□□

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၉)

www.burmeseclassic.com

www.burmeseclassic.com

ကလေးငိုသံ စူးစူးဝါးဝါး ထွက်လာတဲ့အတွက် ဘေး အခန်းကအမျိုးသမီး မွေးပြီဆိုတာ သိလိုက်ရတယ်။

ခဏကြာတော့ သူမကို လာခေါ်ကြတယ်။

အခန်းထဲက အအေးဓာတ်ကြောင့်လား၊ စိတ်လှုပ်ရှားမှု ကြောင့်လား မသိဘူး။

www.burmeseclassic.com

www.burmeseclassic.com



သူမ လက်ဖျားခြေဖျားတွေ အေးစက်နေပြီ။

ခွဲစိတ်စင်ပေါ်ရောက်ပြီးတော့ သူမကို ဘေးစောင်းနိုင်းတယ်။

ထုံဆေးထိုးဖို့အတွက် သူမကို စိတ်လျှော့ထားဖို့၊ အကြောလျှော့နေဖို့ ပြောတယ်။

အမယ်လေး ... နာလိုက်တဲ့ဖြစ်ခြင်း။

ခါးဆစ်ရိုးထဲ ဆေးထိုးထည့်လိုက်တာ။

ထိုနာကျင်မှုက အတော်ကြီးခံရဆိုးတယ်။

သူမကို ပြန်ပြီး ပက်လက်နေခိုင်းတယ်။

သူမရဲ့အောက်ပိုင်း ခြုံလွှာတစ်ခု လွှမ်းခြုံလိုက်ကြပြီး အမျိုးသမီး OG က လက်အိတ်ဝတ်နေတယ်။

သူမမျက်လုံးက ပက်လက်အနေအထားနဲ့ လျှောက်ကြည့်မိရင်းက တဖြည်းဖြည်း ထုံကျင်သလိုကြီး ခံစားလာရတယ်။

သူမရဲ့အပေါ် ခေါင်းတည့်တည့်မှာတော့ မီးအုပ်ဆောင်းကြီးက လင်းထိန်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com



ထိုမီးအုပ်ဆောင်းကြီးကိုကြည့်ရင်း သူမ မျက်လုံးအစုံမှိတ်ထားလိုက်မိတယ်။

ဘုရားရဲ့ဂုဏ်တော်တွေကို အာရုံပြုရင်း စိတ်က ရွတ်ဖတ်နေမိတယ်။

ထိုချိန်မှာပဲ ဆီးစပ်အပေါ်ပိုင်းလောက်က ပူခနဲ ခံစားလိုက်ရတယ်။ ဒါပေမဲ့ ... ဘာနာကျင်မှုမှမရှိဘူး။

ဗိုက်ခွဲနေပြီဆိုတဲ့အသိစိတ်ကြောင့် အတတ်နိုင်ဆုံး စိတ်ကိုငြိမ်အောင်ထားရတယ်။

စက္ကန့်ပိုင်းပဲလား မိနစ်ပိုင်းပဲကြာသလားတော့ သူမ သေချာမသိပေမယ့် ကလေးငိုသံ ကြားလိုက်ရတယ်။

ဒါ ... သားလေးရဲ့ငိုသံပေါ့။

သားလေး လူ့လောကထဲ ရောက်လာပြီ။

သားလေးရဲ့မျက်နှာကို သူမ မြင်တွေ့ခွင့်ရပြီ။

ကြည်နူးစိတ်နဲ့အတူ သားလေးနာမည်ကို တွေးလိုက်မိတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ယောက်ျားလေး မွေးတယ်၊ ဖြူဖြူဖွေးဖွေး

ချစ်စရာကြီးဟယ်၊ ဒီကလေးလေးက"

ကြားလိုက်ရတဲ့ အသံတွေကြောင့် ခုနက ထုံဆေးထိုးခံရတဲ့

နာကျင်မှုတောင် သူမ မေ့ပျောက်သွားမိတယ်။

ငါ တကယ်ပဲ သားလေး မွေးလိုက်ပြီ။

တစ်ကိုယ်လုံး လှုပ်ရှားလို့မရအောင် လေးလံထုံထိုင်းနေပေ

မယ့် စိတ်ထဲ အေးချမ်းနေတယ်။

ပြီးနောက် သူမကို လူနာတွန်းလှည်းပေါ် ပြောင်းရွှေ့တင်

ကြတယ်။

ခွဲခန်းရဲ့အခန်းတစ်ခုထဲ ထိုတွန်းလှည်းပေါ်မှာပဲ သူမ အချိန်

ကြာကြာ နေနေရတယ်။

သူမတစ်ကိုယ်လုံး ခိုက်ခိုက်တုန်မတတ် ချမ်းစိမ့်နေတယ်။

ဒါပေမဲ့ ... ထုံဆေးရှိန်ကြောင့် သူမ လှုပ်ရှားလို့မရဘူး။

ဖြစ်နိုင်ရင် ဒီအခန်းထဲက အမြန်ထွက်ချင်လှပြီ။

သူမနားမှာ သူနာပြုဆရာတစ်ယောက် ရှိနေတယ်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ သူမ အအေးဓာတ်ကြောင့်လား ဘာကြောင့်မှန်း မသိဘူး ... မျက်ခွံတွေ လေးလံလာတယ်။

ခွဲစိတ်ခန်းရဲ့အသံဗလံတွေကြားနေရပေမယ့် သူမ တစ်နေရာဆီ ရောက်သွားတယ်။

ထိုနေရာက လှပတဲ့တိုက်ကြီးတစ်လုံးရဲ့ တံခါးရှေ့ သူမ ရပ်နေတယ်။

သူမရဲ့လက်မှာ ကြွပ်ကြွပ်အိတ်တစ်လုံး ဆွဲကိုင်ထားတယ်။

အိတ်ထဲမှာက အချိန်တစ်ပိဿာလောက်ရှိတဲ့ ဝက်အူချောင်းတွေ အတွဲလိုက်။

မှန်တစ်ဝက်ပါတဲ့ ကျွန်းတံခါးကြီးကို အသာတွန်းဖွင့်ရင်း သူမ ဝင်သွားမိတယ်။

ဝင်လိုက်မိသည်နှင့် တစ်ပြိုင်နက် အမွှေးတိုင်နဲ့ ပန်းရနံ့တွေ အိမ်ထဲက လှိုက်ထွက်လာတယ်။

ထိုအမွှေးနံ့စူးစူးတွေ ရှူရှိုက်မိရင်း တိုက်ကြီးထဲ သူမ လှည့်လည်ကြည့်မိတယ်။

www.burmeseclassic.com

www.burmeseclassic.com



အထက်တန်းကျကျပြင်ဆင်ထားတဲ့ အိစက်စက်ဆိုဖာကြီး တွေနဲ့ ဧည့်ခန်း။

နံရံထောင့်တွေမှာ စီရရီချထားတဲ့ ကြွေပန်းအိုးရှည်ကြီးတွေ။

မြင်လိုက်ရုံနဲ့ သိနိုင်တဲ့ အဖိုးတန်ခန်းဆီးစတွေ။

ဧည့်ခန်းကြီးရဲ့တစ်ဖက်ထိပ်မှာတော့ ကြီးမားခန့်ညား လွန်းလှတဲ့ ဘုရားစင်ကြီး။

သူမ ဘာကြောင့်မှန်းမသိ ကြွပ်ကြွပ်အိတ်လေးဆွဲရင်း ဘုရား ခန်းဘက် လျှောက်သွားမိတယ်။

□□□

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၀)

www.burmeseclassic.com

www.burmeseclassic.com

**ကျွန်းကနုတ်တွေနဲ့** တန်ဆာဆင်ထားတဲ့ ဘုရားစင်ကြီး။

ကြွေအိုးငယ်တစ်လုံးထဲ ထွန်းညှိထားတဲ့ မီးခိုးတလူလူထွက်နေတဲ့ အမွှေးနံ့သာတိုင်တွေ။

လူတစ်ယောက်မှ မတွေ့ရတဲ့ တိုက်ကြီးထဲ အမွှေးတိုင်တွေ

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူထွန်းညှိထားသလဲ။

အတွေးနဲ့အတူ သူမရဲ့မျက်လုံးအကြည့်က တစ်နေရာ ရောက်သွားပြန်တယ်။

သူမရပ်နေတဲ့ ဘေးတည့်တည့်နံရံနားက စားပွဲတစ်ခု။

ထိုစားပွဲပေါ်မှာ ကြီးမားတဲ့ဓာတ်ပုံကြီးတစ်ခုရယ်၊ နံ့သာ တိုင်စိုက်ထားတဲ့ ကြေးအိုးတစ်လုံးရယ်။

မှန်ဘောင်သွင်းဓာတ်ပုံကြီးမှာတော့ မျှားပြားလှတဲ့ အနီ ရောင် နှင်းဆီပန်းကုံးကြီး ချိတ်ဆွဲထားတယ်။

သူမ ရပ်နေတဲ့နေရာကကြည့်ရင် ထိုနေရာက ဆယ်ပေ လောက်ကွာသလို နှင်းဆီပန်းကုံးကြောင့် ဓာတ်ပုံထဲကမျက်နှာကို သေချာမမြင်ရဘူး။

သူမရဲ့ခြေထောက်တွေက မှော်ဆရာရဲ့ညှို့ယူခြင်းခံရ သည့်နှယ် ထိုနေရာနား တရွေ့ရွေ့ လျှောက်သွားမိတယ်။

ထိုနားရောက်တော့ ငါးလှမ်းမျှအကွာကနေ ရပ်ကြည့်လိုက် မိတယ်။

www.burmeseclassic.com

www.burmeseclassic.com



သူမ သဲသဲကွဲကွဲ မြင်နေရပါပြီ။

ပြုံးတုံ့တုံ့နှုတ်ခမ်းနဲ့ စူးစိုက်ကြည့်နေတဲ့ အမျိုးသမီးတစ်ဦးရဲ့ပုံ။

သူမ ငေးစိုက်ကြည့်ရင်း ကြက်သီးမွေးညင်းထမတတ် ထိတ်လန့်သွားရတယ်။

နှုတ်ခမ်းတွေက ပြုံးနေသယောင်၊ မျက်လုံးအကြည့်က စူးရဲလွန်းပြီး သူမကိုယ်ထဲ ဖောက်ထွင်းကြည့်နေသည့်နှယ်။

နှုတ်ခမ်းအစုံက သူမကို တစ်ခုခုပြောတော့မည့်နှယ်။ တဖြည်းဖြည်း လှုပ်ရှားလာတယ်။

သူမ တအားလန့်သွားပြီး ဝက်အူချောင်းထုပ်ဟာ ဖုတ် ... ခနဲ ပြုတ်ကျသွားတယ်။

ပြီးတော့ သူမ ထိုနေရာက ပြေးထွက်ဖို့ ကြိုးစားလိုက်မိတယ်။

ခြေထောက်တွေက လေးလံပြီး ကြမ်းနဲ့ကပ်နေသည့်နှယ် လှုပ်ရှားမရ။

www.burmeseclassic.com

www.burmeseclassic.com



ဒါ့ကြောင့် ...

ရှိသမျှ အားကုန်သုံးရင်း ထိုအိမ်ကြီးထဲက ပြေးထွက်ဖို့ ကြိုးစားလိုက်မိတယ်။

ဘယ်လောက်ထိ ပြေးမိသလဲမသိဘူး။

အာခေါင်တွေခြောက်သွေ့ပြီး ခြေကုန်လက်ပန်းကျသလို သူမ လဲကျသွားတယ်။

မောဟိုက်လွန်းလို့ ရင်ခုန်သံက သိပ်မြန်နေပြီ။

နောက်ကို စောင်းငဲ့ကြည့်လိုက်တော့ နှင်းဆီပန်းကုံးထဲက ချက်နှာပိုင်ရှင်။

သူမ မလွတ်မြောက်သေးပါလား။ ဒီအိမ်ကြီးထဲမှာပဲ ရှိနေပါလားဆိုတဲ့အသိစိတ်ကြောင့် ကြက်သီးဖြန်းဖြန်း ထသွားမိတော့တယ်။

ဒါ့ကြောင့် ... လဲနေရာကထပြီး ပြေးဖို့ ပြင်လိုက်ပြန်တယ်။

အေးစက်စက် အထိအတွေ့ကြောင့် အသည်းအေးသလိုကြီး ခံစားလိုက်ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဟာ ... ခါတ်ပုံထဲကအမျိုးသမီး ခြေထောက်ကို ဆွဲထားပါလား။

ဆောက်တည်ရာမဲ့အောင် လန့်သွားမိရင်း သူမတစ်ကိုယ်လုံး ဆတ်ခနဲတုန်သွားတယ်။

ဆတ်ခနဲတုန်ခါမှုနဲ့အတူ လက်မောင်းကို ဆုပ်ကိုင်ပြီး ခံလိုက်ရပြီး ...

"နှင်းဆီခက် ... နှင်းဆီခက်"

သူမကို ငုံ့ကြည့်နေတဲ့ သူနာပြုဆရာမတွေရဲ့မျက်နှာ။

မျက်လုံးဖွင့်ကြည့်မိတော့ သူမအခန်းထဲ ပြန်ရောက်နေပြီး

တစ်ကိုယ်လုံး ချွေးစေးပျံနေသလို အာခေါင်တွေ ခြောက်သွေ့နေတဲ့အတွက် ...

"ရေ ... ရေသောက်ချင်တယ် ဆရာမ"

သူမ တိုးတိုးလေး ရေရွတ်လိုက်မိတယ်။

"ရေသောက်ချင်လို့လား၊

အများကြီးတော့ သောက်မရဘူးနော်။

www.burmeseclassic.com

www.burmeseclassic.com



အာစွတ်ရုံလေးပဲ သောက်လို့ရမယ်”

သူနာပြုက သူမရဲ့နှုတ်ခမ်းဆီ ရေစွတ်ထားတဲ့ဂွမ်းစနဲ့ တို့ထိပေးတယ်။

ထိုရေတစ်စက်ကပဲ သူမရဲ့ ချောက်ချားမှုတွေကို ပြေလျော့သွားသည့်နှယ်။

“ဒီမှာကြည့်ပါဦး ရှင့်ကလေး ...

သားလေးလေ။

သိပ်ချစ်ဖို့ ကောင်းတာရှင့်”

ဆရာမတစ်ယောက်က အနှီးနဲ့ပွေ့ထားတဲ့ သားလေးကို သူမနံဘေး အသာချပေးတယ်။

သူမ သားလေးရဲ့နီတာရဲမျက်နှာလေးကို မျက်ရည်စို့စွတ် ငေးကြည့်ရင်း အိပ်မက်လို တကယ်လိုလို အဖြစ်ဆိုးကြီးနဲ့ပျောက်သွားမတတ်။

“သားလေး မေမေ့သားလေး။

သား ကျန်းမာရဲ့လားဟင် ဆရာမ”

www.burmeseclassic.com

www.burmeseclassic.com



ကပ်စေးစေးဖြစ်နေတဲ့ သားရဲ့ဆံနွယ်ပျော့ပျော့လေးတွေကို အသာပွတ်သပ်ရင်း မေးလိုက်မိတယ်။

သူနာပြုဆရာမကဲ ဆေးမှတ်တမ်းကတ်ပြားကိုပိုက်ရင်း…

“ကလေးရော မိခင်ပါ ဒေါင်ဒေါင်မြည်ပါပဲရှင်။

ဘာမှစိုးရိမ်စရာမရှိပါဘူး”

□□□

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၁)

www.burmeseclassic.com

www.burmeseclassic.com

ညတာဝန်ကျဆရာဝန်တွေ ရောင်းလှည့်ပြီးချိန်မှာတော့ သူမရဲ့စိတ်တွေ ချောက်ချားလာတယ်။

ဆန်ကာပါးအုပ်ထားတဲ့ ပုခက်ထဲ လှမ်းကြည့်မိတော့ သား လေးက အိပ်ပျော်နေရှာတယ်။

ခုချိန်မှာ သူမက သွေးနုသားနု … မီးနေသည်။

www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်လိုလို၊ တကယ်လိုလို အဖြစ်ဆိုးကြီးကို သိပ်လန့်နေပြီ။

ဒါ့ကြောင့် အခန်းရှေ့က ဆရာမတစ်ဦး ဖြတ်လျှောက်သွားတော့ လှမ်းခေါ်လိုက်မိတယ်။

"ဆရာမ ... ကျွန်မ နပ်စ်ငှားချင်ပါတယ်။

ကျွန်မ ဘယ်နှရက်လောက်

ဒီမှာထပ်နေရဦးမလဲရှင့်"

သူနာပြုဆရာမက သူမကိုကြည့်ပြီး ...

"နပ်စ်ငှားတာက ရပါတယ်။

အေး ... ငါးထောင်၊ နိုက် ... ငါးထောင်ပါ။

ပုံမှန်မွေးလူနာဆိုရင်တော့ ငါးရက်ပြည့်ရင်

ဆင်းလို့ရပါပြီ"

လို့ ပြောလာတယ်။

သူမ ခေါင်းအုံးအောက်က ပိုက်ဆံအိတ်လေးကို လှမ်းကြည့်ရင်း တံတွေးတစ်ချက် မျိုချလိုက်မိတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ... ရပါတယ်ရှင်။

အခု ဆရာမတစ်ယောက် လွှတ်ပေးပါနော်။

ကျေးဇူးပါပဲ ဆရာမရယ်"

ဆရာမ ပြန်ထွက်သွားတော့ သူမ သက်မောချလိုက်မိတယ်။

ညပိုင်းမှစခေါ်တာဆိုတော့ သူနာပြုခ လေးသောင်းခွဲလောက်ကျမယ်။

ဆေးရုံဆင်းချိန်ထိ ဘယ်တတ်နိုင်ပါ့။

ချောက်ချားမှုတွေကြောင့် သူမတစ်ယောက်တည်း မနေရဲတော့တာ အမှန်။

ဆေးရုံဆင်းပါက ဘယ်လိုစားသောက်ရပါ့မလဲ။

လက်ထဲ ဆွဲကြိုးရောင်းရငွေက တအားနည်းသွားပြီ။

အတွေးနဲ့အတူ ရင်ထဲ မောလျသွားမိတယ်။

အိပ်ပျော်နေရှာတဲ့ သားရဲ့မျက်နှာ လှမ်းကြည့်မိတယ်။

အပြစ်ကင်းစင်လွန်းပါဘိ။

www.burmeseclassic.com

www.burmeseclassic.com



မျက်ခုံး မျက်လုံး မျက်နှာကျအားလုံးက ကိုနေနဲ့ ချွတ်စွတ်။

သူမ ကိုနေ့ကို တအားစွဲလမ်းလို့ထင်ပါရဲ့။

ကံကောင်းတာတစ်ချက်က လူကြီးရော ကလေးပါ ကျန်းမာနေတာ ဘုရားကို ကျေးဇူးတင်ရမယ်။

တစ်ကိုယ်တစ်ခုသာ ဖြစ်လို့ကတော့ သူမမှာ ငွေပို လုံးဝမရှိဘူးလေ။

"နေရထိုင်ရတာ သက်သာရဲ့လား။

ချုပ်ရိုးကရော ဘယ်လိုခံစားနေရသလဲ"

အသံကြောင့် သူမ အတွေးပြတ်သွားတယ်။

အသက်ခပ်ကြီးကြီး သူနာပြုတစ်ဦး ဆေးမှတ်တမ်း ဖတ်ရင်း မေးလာတယ်။ ဒါ ... သူမအတွက် နပ်စ်ပဲဖြစ်မယ်။

"ခွဲထားတဲ့နေရာက တအားနာတယ် ဆရာမ။

လှုပ်လို့တောင် မရဘူး။

တခြားတော့ ဘာမှမခံစားရပါဘူးရှင်"

သူနာပြုက သူမကို ပြုံးကြည့်ရင်း ...

www.burmeseclassic.com

www.burmeseclassic.com



"ခွဲထားခါစ ဖြစ်တာရယ်၊ ထုံဆေးပြယ်တဲ့အရှိန်ကြောင့်
နာနေတာပါ ညီမရဲ့။ စိတ်မပူပါနဲ့။
ဆရာဝန်တွေ ရောင်းလှည့်တုန်းက
ဆေးမှာ အိပ်ဆေးပါတယ်။
မကြာခင် ညီမ အိပ်ပျော်သွားမှာပါ"

သူနာပြုက ထိုသို့ပြောဆိုပြီး ကလေးကို ကြည့်ရှုနေတယ်။
သူနာပြုရဲ့အပြောကြောင့် သူမ သက်ပြင်းချလိုက်မိတယ်။
အိပ်ဆေးအရှိန်နဲ့ သူမ အိပ်ရငိုးမှာပါလား။
အိပ်ဖို့ သိပ်ကြောက်နေမိတာ အမှန်။

ပထမအကြိမ် မေရီတင်တင်ဆိုတဲ့ အမျိုးသမီးရဲ့ နာရေးကားတန်းကြီး မြင်မက်ခဲ့ရတယ်။

ဒုတိယအကြိမ် ထိုအမျိုးသမီးရဲ့တိုက်ကြီးထဲ ဝက်အူချောင်းထုပ်ဆွဲရင်း သူမ ရောက်ရှိသွားခဲ့ရတယ်။

ပထမအိပ်မက်ကို စွဲမိလို့များ နောက်တစ်ကြိမ် ကြုံရတာလား။

www.burmeseclassic.com

www.burmeseclassic.com



ဒါမှမဟုတ် ကလေးမျက်နှာမြင်ထားတဲ့ မီးနေသည့်ပိဗီ ကာံများ နိမ့်ပါးနေရော့သလား။

အတွေးပေါင်းစုံနဲ့ စိတ်တွေ မွန်းကျပ်နေတာအမှန်။

မအိပ်ဘူးလို့ စိတ်ဆုံးဖြတ်ထားပေမယ့် ဗိုက်ခွဲထားတဲ့အနာ အရှိန်ရယ်၊ အိပ်ဆေးအရှိန်ရယ်ကြောင့် ...

သူမ ဝါးခနဲ သမ်းဝေလိုက်မိတယ်။

သူနာပြုဆရာမက ခုံတန်းရှည်လေးမှာထိုင်နေတယ်။

သူမ ဆရာမရှိတယ်ဆိုတဲ့အသိကြောင့် စိတ်ကို လျှော့ချလိုက်တယ်။

အရင်ညတွေလို တစ်ယောက်တည်းမှ မဟုတ်ဘဲ။

အဖော်ရှိနေတဲ့ဟာ။ ထိုအသိစိတ်နဲ့ အိပ်စက်ပစ်လိုက်တော့တယ်။

□□□

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၂)

www.burmeseclassic.com

www.burmeseclassic.com

ကျွိ ... ကျွိ ... ကျွိ ... ကျွိ

တိုးလျလျကြားရတဲ့တံခါးသံကြောင့် အအိပ်ဆတ်တဲ့ သူမ နိုးသွားတယ်။

အိပ်ဆေးကြောင့် မျက်ခွံတွေက တအားလေးလံနေတယ်။ ဒါပေမဲ့ အသိစိတ်ဝင်နေတဲ့အတွက် မျက်လုံးမှေးစင်းရင်း

www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်မိတယ်။

စေ့ထားတဲ့သူမရဲ့အခန်းတံခါး တဖြည်းဖြည်းပွင့်နေတာ။

ပတ်ဝန်းကျင်က တိတ်ဆိတ်နေတဲ့အတွက် တံခါးလှုပ်ခတ်သံက ကျယ်လောင်နေသယောင်ယောင်။

ရီဝေဝေဖြစ်နေတဲ့မျက်လုံးနဲ့ လှမ်းကြည့်မိတော့ သူနာပြုက ခုံတန်းလေးမှီရင်း အိပ်နေရှာတယ်။

ဒီအချိန်မှာပဲ အခန်းတံခါးဟာ လူတစ်ယောက်ဝင်စာမျှ ပွင့်သွားတယ်။

အိပ်ချင်မူးတူးစိတ်နဲ့ ကြည့်နေမိတုန်းမှာပဲ အရိပ်တစ်ခု အခန်းဝမှာ ထင်းခနဲပေါ်လာတယ်။

ဗိုက်ဖုံးဂါဝန်အဝါနုရောင်နဲ့ ဆံပင်ဖားလျားချထားတဲ့ မိန်းမတစ်ယောက်။

ထိုမိန်းမဟာ ခြေမလှမ်းပါဘဲ လှုပ်ရှားမှုကင်းမဲ့စွာ သူမရဲ့ခုတင်ခြေရင်းနား တရွေ့ရွေ့ တိုးကပ်လာတယ်။

ထိုမိန်းမရဲ့တစ်ကိုယ်လုံး ဂါဝန်အရောင်နဲ့လိုက်ဖက်စွာ

www.burmeseclassic.com

www.burmeseclassic.com



ဝါထိန်နေတာ သူမ သတိပြုမိတယ်။

ခုတင်ခြေရင်းမှာ တောင့်တောင့်ကြီးရပ်နေတဲ့ အမျိုးသမီး။

ပြတင်းပေါက်က တိုးဝင်လာတဲ့ လေနဲ့အတူ ထိုအမျိုးသမီးရဲ့ဆံပင်တွေ လွင့်ပျံသွားတယ်။

ဒီအခါ ...

ဆံပင်တွေကြားက မျက်နှာကြီးကို အထင်အရှား တွေ့လိုက်ရတယ်။

ပြူးတဲ့တဲ့ နှုတ်ခမ်းအစုံနဲ့ စူးစိုက်ကြည့်နေတဲ့ မေရီတင်တင်။

ချောက်ချားဖွယ်ကောင်းတဲ့ အကြည့်စူးတွေနဲ့ စိုက်ကြည့်နေတယ်။

"အမယ်လေး"

အသံကုန်ခြစ်အော်ဟစ်လိုက်ပေမယ့် အသံက လည်ချောင်းဝက ထွက်မလာဘူး။

တစ်ကိုယ်လုံး ဝါထိန်ပြီး ကြောက်မက်ဖွယ်အဆင်းနဲ့ မေရီတင်တင်။-

www.burmeseclassic.com

www.burmeseclassic.com



ခန္ဓာကိုယ်အလှည့်နဲ့ ခေါင်းကြီးက တစ်ဖက်ကိုလည်သွား

တယ်။

ထိုမြင်ကွင်းကြောင့် သူမ တအားကြောက်လန့်သွားမိ

တယ်။

ကြည့်နေစဉ်မှာပဲ မေရီတင်တင်က ရွေ့လျားသွားနေပြီ။

ကလေးပုခက်နားရပ်သွားစဉ်မှာပဲ ပုခက်ပေါ်လွှမ်းထားတဲ့

ဆန်ကာပါးစပေး လွင့်ထွက်သွားတယ်။

ပြီးတော့ ရှည်လျားတဲ့လက်အစုံနဲ့ သားလေးကို ပွေ့ချီလိုက်

တယ်။

သူမ မိုးပြိုမတတ် ထိတ်လန့်မိရင်း ...

"မလုပ်နဲ့၊ ငါ့သားနဲ့ မထိနဲ့ ...မထိနဲ့"

လို့ အားကုန်အော်ဟစ်ပစ်လိုက်တယ်။

ဒါပေမဲ့ ... အသံက လုံးဝထွက်မလာတဲ့အတွက် တအား

လန့်ပြီး ဆရာမကိုနှိုးဖို့ လှုပ်ရှားလိုက်တယ်။

တစ်ကိုယ်လုံး ကျောက်ရုပ်လိုဖြစ်နေတဲ့အတွက် ရှိသ

www.burmeseclassic.com

www.burmeseclassic.com



အားကုန်သုံးရင်း လှုပ်ရှားလိုက်မိတယ်။

"ညီမ ... ညီမ ... ဘာဖြစ်တာလဲ"

စိုးရိမ်တကြီးကြည့်နေတဲ့ သူနာပြုဆရာမ။

သူမ ဓာချွေးပျံနေသလို တအားမောဟိုက်နေပြီ။

"သား ... သားလေးကို ကြည့်ပါဦး ဆရာမ။

သားလေး ... သားလေးရော"

သူနာပြုဆရာမက သူမကိုတစ်လှည့် ပုခက်ထဲက ကလေးကိုတစ်လှည့် ကြည့်ပြီး ...

"သား ရှိပါတယ်၊ ဟိုမှာ အိပ်နေတယ်လေ။

ညီမ ... ဘာဖြစ်နေတာလဲ။

ကျွန်မကြည့်နေတာ ညီမအိပ်နေရင်းကနေ

တအားရုန်းကန်နေတာ။

ကြည့်ရတာ ... အိပ်မက်ဆိုးမက်ပုံပဲ။

မီးနေသည်ဆိုတာ ဒါမျိုးကြုံတတ်ပါတယ်လေ"

သူနာပြုဆရာမက ချွေးပျံနေတဲ့သူမကို မျက်နှာသုတ်ပဝါနဲ့

www.burmeseclassic.com

www.burmeseclassic.com



သုတ်ပေးရင်း ရေအနည်းငယ်တိုက်တယ်။

နှင်းဆီခက်တစ်ယောက် ချောက်ချားစိတ်ကို ငြိမ်အောင် ကြိုးစားလိုက်မိတယ်။

ဒါပေမဲ့ ... တစ်ကိုယ်လုံး ဝါထိန်နေတဲ့ မေရီတင်တင်ရဲ့ ကြောက်မက်ဖွယ်ပုံကြီးက မျက်လုံးထဲကမထွက်ဘူး။

□□□

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၃)

www.burmeseclassic.com

www.burmeseclassic.com

ဒီနေ့ ကလေးဆရာဝန်ကြီး ရောင်းလှည့်တဲ့နေ့။ သားလေးကိုကြည့်ရှုစစ်ဆေးပြီး ကျန်းမာကြောင်း ပြောတယ်။

သူမ ကြားချင်တာလည်း ဒီအသံပဲလေ။

နောက်ရက်အနည်းငယ်ဆို ... ဆေးရုံက ဆင်းခွင့်ရပြီ

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ပါလား။

နေ့ခင်းဘက်ရောက်တော့ အိုဂျီရောက်လာပြီး သူမရဲ့ ချုပ်ရိုးကို အနေအထားကြည့်တယ်။

တစ်မနက်လုံး အိုဗာတင်းတစ်ခွက်သာ သောက်ထားရတဲ့အတွက် ဗိုက်တအားဆာလောင်နေပြီ။

ဒီအချိန်မှာပဲ စားသောက်ဖို့ ဝယ်ခြမ်းခိုင်းထားတဲ့ သန့်ရှင်းရေးဝန်ထမ်း မဝင်းရီရောက်လာတယ်။

"အတော်ပဲ အစ်မကြီးရယ်၊

ကျွန်မ ဗိုက်တအားဆာနေတာ"

"ဆန်ပြုတ်ဝယ်လာတယ် ညီမရဲ့။

နေရတာသက်သာရဲ့လား။

ဇာလေးက သိပ်ချစ်ဖို့ကောင်းတယ်နော်။

ဖအေတူလေးလားကွယ်"

မဝင်းရီက ဆန်ပြုတ်ကို ပန်းကန်ထဲထည့်ရင်း တွတ်တွတ် ပြောနေတယ်။

www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီခက် မျက်နှာညှိုးသွားရင်း ခင်ပွန်းသည်ကို လွမ်းဆွတ်မိသွားတယ်။

- ကိုနေ ခုချိန်ဆို ဘယ်ရောက်လို့ ဘာတွေလုပ်နေပါလိမ့်။

နိုင်ငံရပ်ခြားမှာများ အန္တရာယ်ကြုံနေရှာသလား။

အို ... မဖြစ်နိုင်ပါဘူး။ ဒီလိုမဖြစ်ပါစေနဲ့။

ကိုနေသာ သားလေးကိုမြင်ရင် သိပ်ချစ်ရှာမှာပဲ။

သူနဲ့ချွတ်စွတ်တူနေတာကိုး။

"အတွေးလွန်လှချည်လား ညီမရယ်။

ဒီမှာ ဆန်ပြုတ်လေး စားလိုက်ဦး။

အစ်မလည်း အလုပ်ရှိလို့ သွားမယ်နော်"

မဝင်းရီက သူမပခုံး ဆုပ်ကိုင်ပြီး ပန်းကန်လှမ်းပေးတယ်။

"ဩော် ... ဟုတ်ကဲ့ ... ကျေးဇူးပါ အစ်မရယ်။

နေ့တိုင်း ဝယ်ခြမ်းပေးနေရတာ"

မဝင်းရီက အပြုံးနဲ့တုံ့ပြန်ရင်း အခန်းထဲက ထွက်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဆန်ပြုတ်စားနေရင်းက ဘေးအခန်းက လူနာသတင်း မေးသူတွေရဲ့အသံ ကြားနေရတယ်။

ထိုအသံတွေကြောင့် သတင်းမေးသူမရှိတဲ့သူမ သိမ်ငယ် သလို ခံစားလိုက်ရတယ်။

နေ့ငှားရမ်းထားတဲ့ သူနာပြုရဲ့လက်က သားလေးကို ငေး ကြည့်မိပြန်တော့ သိမ်ငယ်စိတ်တွေ လွင့်ပျောက်သွားသလို ခံစားရ ပြန်တယ်။

လတွေအကြာကြီး တစ်ယောက်တည်း ရပ်တည်ခဲ့ရတဲ့ သူမ။

ခုချိန်မှာ သားဆိုတဲ့အားဆေး ရှိနေပြီ။

ငါ စိတ်ဓာတ်ကျလို့ မဖြစ်ဘူးဆိုတဲ့အသိ ဝင်လာတာနဲ့အမျှ စိတ်သက်သာရာရသွားမိတယ်။

ဆန်ပြုတ်စားနေရာက မျက်လုံးထောင့်မှာ အရိပ်တစ်ခု ဖြတ်သွားသလို ခံစားလိုက်ရတယ်။

ဒါ့ကြောင့် အခန်းဝဆီ ခေါင်းမော့ကြည့်လိုက်မိတယ်။

www.burmeseclassic.com

www.burmeseclassic.com



တခစ်ခစ်ရယ်မောရင်း သူမကို စိုက်ကြည့်နေတဲ့ ကလေး တစ်ယောက်။

ပုံပန်းမကျတဲ့ ဦးခေါင်းပုံစံနဲ့ ကလေးငယ်။

သူမ ခေါင်းနပန်းကြီးသွားမိရင်း ...

"ဆ ... ဆရာမ ... ဟိုမှာ ...

ဟိုမှာ ကလေးတစ်ယောက်"

လို့ ရေရွတ်လိုက်မိတယ်။

သူမအသံကြောင့် သူနာပြုက သားကို ချိုမွေ့ထားလျက်က တံခါးဝလျှောက်သွားတယ်။

"ဘယ်ကလေးမှ မရှိပါဘူး ညီမရဲ့။

လူကြီးတွေပဲ ရှိတယ်လေ။

ဘာဖြစ်လို့လဲ"

သူနာပြုရဲ့စကားကြောင့် သူမ ဆန်ပြုတ်ဆက်မစားနိုင် တော့ဘဲ ...

"မရှိဘူးလား ... ကလေးတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ရယ်နေတယ်လို့ ထင်သွားလို့ပါ ဆရာမ၊

ဘာမှမဖြစ်ပါဘူး”

သေချာပါပြီ။ သူမတစ်ယောက်တည်း သဘာဝလွန်ဖြစ်ရပ်တွေ ကြုံတွေ့နေရတာ။

သူမပဲ ကံနိမ့်နေလို့လား။ သူမရဲ့လိပ်ပြာပဲ လှုလွန်းနေလို့လား။

မကောင်းဆိုးဝါးတွေ သူမ မြင်တွေ့နေရပြီ။

သူနာပြုကို ဖွင့်ပြောရင် ကောင်းမလား။ ဒါလည်း မဖြစ်သေးဘူး။

သူပြောတာ လက်ခံနိုင်ရင် တော်သေး။

လက်မခံကြရင် သူ့ကိုပဲ အရူးလို့ ထင်ကြမှာ။

□□□

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၄)

www.burmeseclassic.com

www.burmeseclassic.com

ညရှစ်နာရီကျော်ခန့်အချိန်။

နှင်းဆီတစ်ယောက် သားကို နို့ချိုတိုက်ကျွေးနေသလို ည သူနာပြုက သုံ့မအတွက် သောက်ဆေးသွားယူနေတယ်။

ဒီအချိန်မှာပဲ စူးစူးဝါးဝါး အော်ဟစ်သံကြီး ကြားလိုက်ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ရလေ သမီးလေးရယ်၊ အမေ့ကို

ရက်ပိုင်းလေးနဲ့ ခွဲသွားပြီလား သမီးလေးရဲ့။

ကံဆိုးရှာတဲ့ ငါ့သမီးလေး"

ထိုသို့ တမ်းတာရေရွတ်ရင်း ရှိုက်ကြီးတငင် ငိုကြွေးနေတဲ့

အသံ။

"မီးတွင်းကြီးထဲ မငိုရဘူးလေ။

စိတ်ကိုထိန်းစမ်းပါ အစ်မရယ် ...

စိတ်လျှော့နော် အစ်မ။

စိတ်ကိုလျှော့ထားလိုက်"

ဝိုင်းဝန်းနှစ်သိမ့်ပေးသံတွေ။

ထိုအသံတွေကြောင့် သူမ ခေါင်းထောင်သွားတယ်။

သူနာပြုဆရာမ အခန်းထဲ ပြန်ရောက်လာတယ်။

"ဘာဖြစ်တာလဲ ဆရာမ၊

ကလေး ဘာဖြစ်သွားလို့လဲ"

ဆရာမက မျက်နှာမသာမယာနဲ့ ...

www.burmeseclassic.com

www.burmeseclassic.com



"ညီမတို့နဲ့ တစ်ရက်တည်းခွဲတဲ့ လူနာလေ။
နောက်ဆုံးမွေးတဲ့ လူနာပေါ့။
သူ့ကလေး ဆုံးသွားတာ။
အခု ငိုရင်း သတိမေ့သွားလို့
ဂရုစိုက်နေရတယ်"

"အို ... စိတ်မကောင်းစရာပါလား ဆရာမရယ်"

"ကလေးအမေ တအားခံစားနေရမှာပဲ ...
သနားပါတယ်"

ဆရာမက အိုဗာတင်းတစ်ခွက်ဖျော်ပြီး သူမကို ဆေးတိုက်တယ်။

ထိုညက ညနက်သည့်တိုင် အိပ်မပျော်ဘူး။

သေဆုံးသွားတဲ့ကလေးအတွက် သူမ စိတ်မကောင်းဖြစ်နေသလို သားဖွားဆောင်ထဲမှာ ကလေးတစ်ယောက် သေဆုံးတယ်ဆိုတဲ့ အသိစိတ်ကြောင့် စိတ်ထဲတစ်မျိုးကြီးဖြစ်နေတယ်။

ဆေးရုံဝန်းရဲ့ ဟိုးအပြင်ဘက်က ပျံ့လွင့်လာတဲ့ ခွေးအူသံ

www.burmeseclassic.com

www.burmeseclassic.com



တွေနဲ့အတူ သားဖွားဆောင်တစ်ခုလုံး တိတ်ဆိတ်ခြောက်ကပ်နေတယ်။

ဒီအချိန်မှာပဲ ဂျိန်း ... ဂျိန်း ... ဂျိန်း ဆိုတဲ့အသံတွေ ကြားလိုက်ရတယ်။

ထိုအသံကို သူမ ကောင်းကောင်းသိတာပေါ့။

လူနာတင်တဲ့ သံတွန်းလှည်းကြီးရဲ့အသံလေ။

အချိန်မတော် လူနာတင်လှည်းတွေ ဘာကြောင့်သွားနေပါလိမ့်။

သူနာပြုထံ လှမ်းကြည့်မိတော့ ခုံတန်းလေးမှာ စာထိုင်ဖတ်နေတာ တွေ့ရတယ်။

သူမ သိချင်စိတ်ထိန်းမရဘဲ ...

"ဆရာမ ... လူနာတင်လှည်းသံတွေ ကြားနေရတယ်။

တစ်စီးတည်းတော့ ဖြစ်ဟန်မတူဘူး။

ဒီအချိန်ကြီး မွေးလူနာရှိလို့လားဟင်"

ဆရာမက စာဖတ်နေရာက သူ့ကို မျက်လုံးပင့်ကြည့်တယ်။

www.burmeseclassic.com

www.burmeseclassic.com



သူမနဲ့ညဆရာမက ရက်တွေကြာလာတာနဲ့အမျှ ရင်းနှီးမှုက ရှိနေပြီလေ။

"မွေးလူနာမရှိဘူး ညီမရဲ့။

ဒီနေ့ ရိုးရိုးမွေးတဲ့လူနာထဲက အသေအပျောက်

ရှိတယ်လေ။ အခု ကြားနေရတဲ့လှည်းသံက

အလောင်းတွေ သယ်သွားတာပါ"

သူနာပြုဆရာမရဲ့စကားကြောင့် သူမ အတွေးတစ်ခု ဝင်လာပြီး ...

"ဆရာမ ဒီသားဖွားဆောင်မှာရော

ထူးထူးခြားခြားအဖြစ်တွေရှိခဲ့ရင် ပြောပြပါလား။

ကျွန်မ စိတ်ဝင်စားလို့ပါ"

သူမအမေးကြောင့် ဆရာမရဲ့မျက်နှာ မသာမယာ ဖြစ်သွားတယ်။

တစ်ခုခုကို ပြောပြဖို့ ကြံရွယ်လိုက်ပြီးမှ သက်ပြင်းချသံ

နဲ့ ...

www.burmeseclassic.com

www.burmeseclassic.com



"ထူးခြားတဲ့အဖြစ်အပျက်တော့ မရှိပါဘူး။

သားဖွားဆောင်ဆိုတော့လည်း မွေးလူနာတွေ

ရောက်လာလိုက်၊ ပြန်ဆင်းသွားလိုက်ပဲပေါ့ကွယ်။

ကဲပါ ... အချိန်လည်း လင့်နေပါပြီ ...

ညီမ အိပ်တော့နော်"

□□□

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၅)

www.burmeseclassic.com

www.burmeseclassic.com

လှူနာခုတင်ကြီးဟာ လျှောင်လှုပ်ခတ်သည့်နှယ် သိမ့်ခနဲ တုန်သွားတယ်။

ပက်လက်အိပ်ပျော်နေတဲ့ နှင်းဆီခက်က လှုပ်ရမ်းမှုကြောင့် နိုးသွားပြီး မျက်လုံးပွင့်သွားတယ်။

ဝါထိန်ထိန်အဆင်းနဲ့ မေရီတင်တင်။

www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီခြေရင်းမှာရပ်ရင်း သူမကို စူးစိုက်ကြည့်နေတယ်။

ကြောက်စိတ်ကြောင့် ရင်တွေ လှုပ်ခနဲ တုန်သွားမိပေမယ့် သူမ စိတ်အားတင်းလိုက်ပြီး ...

"နှင်း ငါ့ကို ဘာကြောင့် နှောင့်ယှက်နေရသလဲ။

နှင်းကိုလည်း ငါ မသိဘူး၊

ငါ တောင်းပန်ပါတယ်။

ဆက်ပြီး မနှောင့်ယှက်ပါနဲ့နော်။

နှင်း လွတ်ရာကျွတ်ရာသွားပါ"

လို့ ပြောလိုက်မိပေမယ့် အသံတွေ တုန်ယင်နေမိတယ်။

မေရီတင်တင်က သူမရဲ့ထုံးစံအတိုင်း ပြုံးတုံ့တုံ့နှုတ်ခမ်းနဲ့ စူးစိုက်ကြည့်နေတယ်။

၎င်းရဲ့လက်မှာတော့ မွေးကင်းစကလေးငယ်တစ်ဦးကို ထွေးပွေ့ထားတယ်။

နှင်းဆီခက်ဟာ ထိုကလေးကို ကြည့်နေမိစဉ်မှာပဲ ကလေး က ခေါင်းလှည့်လာတယ်။

www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး ... မြတ်စွာဘုရား ...

ဒါ ... ဒါ ... အခန်းထဲဝင်လာတဲ့ ဦးခေါင်းပုံစံ

ပုံမှန်မဟုတ်တဲ့ကလေးပါလား"

သူမ တအားလန့်ပြီး ယောင်ယမ်းရေရွတ်လိုက်စဉ်မှာပဲ မေရီတင်တင်ဟာ ပုခက်ရှိရာ ရွေ့လျားသွားတယ်။

ငင်းရဲ့လက်တစ်ဖက် လှုပ်ရှားသွားရင်း ပုခက်တွင်းရှိ သား လေးကို လှမ်းယူနေပြီ။

"မလုပ်နဲ့ ... သားကိုမထိနဲ့ မလုပ်ပါနဲ့"

စိုးရိမ်စိတ်နဲ့ ခုတင်ပေါ်က ဆင်းဖို့ပြင်မိပေမယ့် ဆီးပိုက် ကြောင့် သူမ မလှုပ်ရှားနိုင်ဘူး။

မေရီတင်တင်ဟာ သားလေးကို လက်တစ်ဖက်တည်းနဲ့ ကိုင်မြှောက်ထားတယ်။

ငင်းရဲ့ခေါင်းက နှင်းဆီခက်ရှိရာ လည်လာပြီး ပြုံးတုံ့တုံ့ ဟန်နဲ့ ရူးစိုက်ကြည့်ပြန်တယ်။

"နင် ... နင် ... ငါ့သားလေးကို ဘာလုပ်မလို့လဲ။

www.burmeseclassic.com

www.burmeseclassic.com



မလုပ်ပါနဲ့ ... မလုပ်ပါနဲ့ ... ငါ တောင်းပန်ပါတယ်။

သားလေးကို ပုခက်ထဲ ပြန်ထည့်ပေးပါနော်"

သူမ ဝမ်းနည်းစိတ်ကြောင့် မျက်ရည်ပိုးပိုးပေါက်ပေါက်ကျ ရင်း တတွတ်တွတ် ရေရွတ်လိုက်မိတယ်။

ထိုအခိုက်မှာပဲ မေရီတင်တင်ဟာ ပွေ့ပိုက်ထားတဲ့ကလေးကို ပုခက်တွင်း ထည့်လိုက်တယ်။

သူမရဲ့သားလေးကိုတော့ ပွေ့ပိုက်ရင်း အခန်းထဲက ထွက် ခွာဖို့ ပြင်နေပြီ။

"ဟင် ... ငါ့သားလေးကို ခေါ်သွားတော့မှာပါလား။

ခေါ်မသွားပါနဲ့ ... မသွားပါနဲ့။

ဆရာမ လုပ်ပါဦး ... ဆရာမရေ။

ကျွန်မသားလေးကို ခေါ်သွားပြီ ဆရာမ"

နှင်းဆီခက်ဟာ မေရီတင်တင်ကို တားဆီးရင်း အာခေါင် ခြစ် အော်ဟစ်လိုက်တော့တယ်။

သူနာပြုဆရာမဟာ ပြုံးတုံးပြုံတဲ့ဟန်နဲ့ သူမကိုကြည့်ရင်း—

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်တာလဲ ... ညီမ ဘာဖြစ်လို့လဲဟင်"

"ကယ်ပါဦး ဆရာမ ... ကျွန်မသားလေးကို

ကယ်ပါဦး။ ကလေး လဲသွားပြီ၊

ပုခက်ထဲမှာ ကျွန်မသား မဟုတ်ဘူး။

ကျွန်မသားကို မကောင်းဆိုးဝါးမ ခေါ်သွားပြီ။

ဟင့်အင်း ... ကျွန်မ လိုက်မှဖြစ်မယ် ...

သွားမယ် ... သားကို ရအောင်ပြန်ခေါ်ရမယ်"

ဝမ်းနည်းတကြီး ရှိုက်ငိုရင်း ခုတင်ပေါ်က ဆင်းဖို့ ပြင်လိုက်တယ်။

သူနာပြု လန့်သွားရင်း ...

"အို အို ... ဆင်းလို့မဖြစ်ဘူးလေ။

ဆီးပိုက်တပ်ထားတယ်၊

နှင်းဆီခက် ... ညီမ စိတ်ကိုငြိမ်အောင်ထား၊

ဆရာမပြောမယ် ကြည့်စမ်း"

သူနာပြုဆရာမက သူမရဲ့ပုခုံးနှစ်ဖက်ကို ဆွဲကိုင်လှုပ်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်တယ်။

သူမ ရှိုက်ငိုရင်းက ဆရာမရဲ့မျက်နှာကို မော်ကြည့်မိတယ်။

ဆရာမက ပုခက်တွင်းမှကလေးငယ်ကို ပွေ့ချီလာပြီး ...

"ဟောဒါ ... ညီမရဲ့သားလေး မဟုတ်ဘူးလား"

သူမ ကလေးကို အလျှင်အမြန်ကြည့်ရင်း ဆရာမရဲ့လက်ကနေ ပြောင်းယူပွေ့ချီလိုက်တယ်။

"သားလေး ... မေမေ့သားလေး၊

ဘာမှမဖြစ်ဘူး၊ မဖြစ်ဘူး ... သားလေးရယ်"

တတွတ်တွတ်ရေရွတ်ရင်းက သားလေးကို နမ်းရှုံ့လိုက်မိတယ်။ သူနာပြုဟာ နှင်းဆီခက်ကို ငေးကြည့်ရင်း သက်ပြင်းရှိုက်လိုက်မိတယ်။

"ညက ဆရာမပြောတာတွေ စိတ်စွဲပြီး

ညီမ အိပ်မက်ဆိုး မက်ပြီထင်တယ်၊ ဖြစ်ရလေကွယ်"

□□□

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၆)

www.burmeseclassic.com

www.burmeseclassic.com

နှင်းဆီခက်ယာ သူမကြုံတွေ့နေရတဲ့အဖြစ်တွေကို သူနာပြုဆရာမအား အကြိမ်ကြိမ်ပြောပြဖို့ ကြိုးစားခဲ့တယ်။

ဆေးရုံပေါ်စရောက်တဲ့နေ့ကတည်းက သူမ ခြောက်လှန့်ခံနေရတာ။

တစ်ခါမှ တွေ့ဆုံဖူးခြင်းမရှိ၊ ပတ်သက်မှု လုံးဝမရှိတဲ့

www.burmeseclassic.com

www.burmeseclassic.com



မကောင်းဆိုးဝါးရဲ့ ခြောက်လှန့်မှုကို နေ့စဉ်ရက်ဆက် သူမ ကြုံတွေ့နေရတယ်။

မရိုတင်တင်ဆိုတဲ့ တစ်ကိုယ်လုံးဝါထိန်ပြီး ဂါဝန်အဝါနရောင်နဲ့ တစ္ဆေမ။ ဦးခေါင်းပုံပန်းမကျတဲ့ ကလေးငယ်။

ဒီနှစ်ယောက်ဟာ သူမနဲ့ ဘယ်လိုဆက်စပ်နေလို့ သွေးလန့်အောင် ခြောက်လှန့်နေကြပါလိမ့်။

သူမရဲ့စိတ်က တအားသတိကြီးလို့သာ ဘာမှမဖြစ်ခဲ့တာ။

သူမနေရာ တခြားတစ်ယောက်သာဆို သွေးလန့်မှာသေချာတယ်။ သူမ ဆေးရုံက အမြန်ဆုံး ဆင်းချင်နေပြီ။

ခြောက်လှန့်မှုတွေနဲ့ ဝေးရာသွားချင်လှပါပြီ။

ဆေးရုံကဆင်းရဖို့ကလည်း နောက်တစ်ရက်လိုသေးတယ်။

သားဖွားဆောင်မှာ လူနာတွေ အများကြီးရှိနေလျက် သူမတစ်ဦးပဲ ခြောက်လှန့်ခံနေရတာ။

သူမပဲ ကံတရားနိမ့်ပါးနေလို့များလား။

အတွေးကြောင့် စိတ်က အတော့်ကို မွန်းကျပ်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဘဝမှာ တစ်ခါမှ ပရလောကနဲ့ပတ်သက်ပြီး မကြုံခဲ့ဖူးဘူး။

ဒီဆေးရုံရောက်မှ အဆန်းတကျယ် ကြုံတွေ့နေရတာ။

ဘာပဲဖြစ်ဖြစ် သူမရဲ့အဖြစ် ဖွင့်မပြောသည့်တိုင် လှည့်ပတ်ပြီး သူနာပြုဆရာမကို မေးကြည့်ရမယ်။

ဒီဆေးရုံမှာ ဘာတွေဖြစ်ခဲ့သလဲ၊ ဒါမှမဟုတ် ဒီအခန်းမှာ ဘာတွေဖြစ်ခဲ့သလဲ။

သီချင်စိတ်က ရင်ထဲ တအားပြင်းထန်နေတယ်။

အခုက နေ့သူနာပြုဆရာမရဲ့အချိန်။ ဒီတစ်ယောက်က ညဆရာမလောက် သူမနဲ့ မရင်းနှီးဘူး။

ဆရာမက သားလေးကို သန့်ရှင်းရေးလုပ်ပေးနေတယ်။

သူမ ဆရာမကို လှမ်းကြည့်ရင်း ပါးစပ်ပြင်လိုက်မိတယ်။

"ဆရာမ ... ကျွန်မ ဆရာမကို

သီချင်တာတစ်ခု မေးလို့ရမလားဟင်"

ဆရာမက သားလေးကို အနှီးလဲလှယ်ပေးနေရာက လှည့်ကြည့်ဘဲ ...

www.burmeseclassic.com

www.burmeseclassic.com



"အင်း ... မေးလေ၊ ဘာသိချင်လို့လဲ ညီမ"

သူမ စိတ်အားတက်သွားပြီး ...

"ကျွန်မ,မရောက်ခင် ဒီအခန်းမှာ

ဘာတွေဖြစ်ခဲ့လဲဟင်။ သာမန်မဟုတ်တဲ့

ဖြစ်စဉ်တွေများ ဖြစ်ခဲ့လား ဆရာမ"

သူနာပြုဆရာမဟာ သူမရဲ့အမေးကို အေးဆေးစွာပဲ ...

"ဒါတွေ ... ကျွန်မ မသိဘူး ညီမ။

ကျွန်မက ဒီဆေးရုံကို တာဝန်ကျတာ

ရက်ပိုင်းပဲ ရှိသေးတယ်လေ။

ဘာဖြစ်လို့မေးတာလဲ ညီမရဲ့"

ထိုအဖြေကြောင့် သူမ စိတ်ဓာတ်ကျသွားမိတယ်။

"ဘာမှမဖြစ်ပါဘူး ဆရာမရယ်၊

မေးကြည့်တာပါ"

ဆရာမကြည့်ရတာ တကယ်ကို ဘာမှမသိတဲ့ဟန်။ ဒါဆို

... ဘယ်သူ့မေးရမလဲ။ စဉ်းစားကြည့်တော့ သန့်ရှင်းရေးဝန်ထမ်း

www.burmeseclassic.com

www.burmeseclassic.com



မဝင်းရီကို မြင်ယောင်မိတယ်။

ဒါ့ကြောင့် ထမင်းစားချိန်ရောက်တဲ့အထိ သူမ စောင့်ဆိုင်းနေလိုက်တယ်။

ထမင်းစားချိန်ရောက်တော့ မဝင်းရီတစ်ယောက် ထမင်းဆုပ်လေးကိုင်ပြီး ရောက်လာတယ်။

သူနာပြုဆရာမလည်း ထမင်းစားဖို့ ထွက်သွားတဲ့အတွက် သူမက ...

"အစ်မကြီးက .... ဒီဆေးရုံမှာ

ဝန်ထမ်းလုပ်တာ ကြာပြီလား"

လို့မေးလိုက်တယ်။

မဝင်းရီက ထမင်းပြင်ပေးရင်းက ...

"ဩော် ... ကြာရောပေါ့ ညီမရယ်။

အစ်မ ဒီမှာ အလုပ်ဝင်တာ ငါးနှစ်ရှိနေပြီလေ။

အစကတော့ ဆေးရုံဆေးခန်းနဲ့ အထိတွေ့နည်းတော့

အလုပ်လုပ်ရတာ စိတ်ကျဉ်းကြပ်တာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



ကြာတော့လည်း ဒီလိုပါပဲ အလုပ်ထဲမှာပျော်ပြီး

ပုံမှန်လည်ပတ်သွားတာပါပဲကွယ်"

"ကျွန်မ အရင် ဒီဆေးရုံမှာ မဟုတ်သေးဘူး၊

ဒီသားဖွားဆောင်ထဲမှာဆိုရင် ပိုမှန်မယ်။

ဘာတွေဖြစ်ခဲ့သလဲဟင် အစ်မ"

အမေးကြောင့် ပန်းကန်လှမ်းပေးနေတဲ့ မဝင်းရီရဲ့လက်ဟာ တွန့်သွားတာ သတိပြုမိလိုက်တယ်။

"သိချင်ရုံသက်သက်ပါ အစ်မကြီးရဲ့။

ဒီအဆောင်မှာ ဘာတွေဖြစ်သွားသလဲဟင်"

ထပ်မေးလိုက်မိတော့ မဝင်းရီတစ်ယောက် မျက်တောင် ပုတ်ခတ်ပုတ်ခတ် လုပ်နေရှာတယ်။

"တချို့သောအကြောင်းတွေက ကိုယ်နဲ့မှမဆိုင်ဘဲကွယ်။

မသိတာပဲ ကောင်းပါတယ်။ မသိချင်ပါနဲ့ ညီမရယ်"

လေးတွဲ့တွဲ့အပြောကြောင့် မဝင်းရီ တစ်ခုခုသိထားတယ် ဆိုတာ ရိပ်စားမိလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



"မသိသလိုနေလို့ မဖြစ်လို့ပါ အစ်မကြီးရယ်။
ကျွန်မ အခု ဘာတွေကြုံတွေ့နေရသလဲ
အစ်မကြီးသိရဲ့လား"

သူမစကားကြောင့် မဝင်းရီဟာ သူမကို ငေးကြည့်ရင်း တစ်ခုခုပြောဖို့ ရွယ်လိုက်တယ်။

"ဝင်းရီ ... ဝင်းရီ ... ဟိုမှာ ဂျူတီချိန်းဖို့ စောင့်နေတယ်။
အေးမြ ... နင့်ကို စောင့်နေတယ်ဟ အမြန်လာ"

အခန်းရှေ့ကအသံကြောင့် မဝင်းရီ ကပျာကယာနဲ့ ...

"သွားပြီနော် ညီမ၊ အစ်မ ဂျူတီ အခုဝင်ရမှာ။
ဟိုမှာ စောင့်နေပြီ"

လို့ပြောပြီး ခပ်သုတ်သုတ် ထွက်သွားတယ်။ နှင်းဆီခက်တစ်ယောက် ရင်မောစွာပဲ သက်ပြင်းချလိုက်မိတယ်။

သူမရဲ့မျှော်လင့်ချက်က ညတာဝန်ကျဆရာမပဲ ရှိတော့တယ်။

□□□

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၇)

www.burmeseclassic.com

www.burmeseclassic.com

စိတ်ပွန်းကျမှုကြောင့် သူမ အစားစားချင်စိတ် ရှိဘူး။

မဝင်းရီပြင်ပေးခဲ့တဲ့ ထမင်းကို သုံးလုတ်စားပြီး စားပွဲပေါ် သိမ်းတင်ထားလိုက်တယ်။ သူနာပြုဆရာမကလည်း ထမင်းပြန် ထားတာ ခုထိ မလာသေးဘူး။

www.burmeseclassic.com

www.burmeseclassic.com



သူမ ခေါင်းအုံးသောမှာရှိတဲ့ ရေတူးကို ဖွင့်သောက်ပြီး ပြန်လှဲနေလိုက်တယ်။

ခင်ပွန်းသည်ကို သတိရမိတဲ့စိတ်ကြောင့် ပိုက်ဆံအိတ်ထဲက ဓာတ်ပုံလေး ထုတ်ကြည့်နေမိတယ်။

ကိုနေတစ်ယောက် ဝေးရပ်မြေမှာ ဘာတွေများ လုပ်နေပါလိမ့်။

လတွေကြာမြင့်အောင် အဆက်သွယ်မလုပ်တာ ဘာကြောင့်များလဲ။

သူမအပေါ် ဖောက်လွှဲဖောက်ပြန်များ ပြုလုပ်နေပြီလား။

ထိုအတွေးဝင်မိသည်နှင့်တစ်ပြိုင်နက် ဝမ်းနည်းစိတ်ဝင်ရင်း မျက်ရည်ဆို့မိတယ်။

သူမ နံရံဘက်စောင်းအိပ်ရင်း ကြိတ်ငိုကြွေးမိတယ်။

မီးတွင်းထဲ မျက်ရည်ကျရင် မကောင်းမှန်းသိပေမယ့် အားငယ်စိတ်က ကြီးစိုးနေပြီ။

"ငါ ဘာလို့များ စိတ်အားငယ်မယ့်အတွေး

www.burmeseclassic.com

www.burmeseclassic.com



တွေးမိပါလိမ့်။ ငါထင်တာတွေ ဖြစ်လာမှာ

မဟုတ်ဘူး၊ အချိန်တန်ရင် ကိုနေပြန်ရောက်လာမှာပါ။

သူ ငါ့ကို ဘယ်လောက်ထိ ချစ်မြတ်နိုးသလဲ

ငါအသိဆုံးပဲ။ ငါ့သားလေးအတွက်

ရပ်တည်ရမယ် ... ဟုတ်တယ်"

မိမိကိုယ် ပြန်အားပေးမိရင်း မျက်ရည်စတွေ သုတ်ပစ်လိုက်မိတယ်။

ချွတ် ... ချွတ် ... ချွတ်။

စားပွဲပေါ်ကအသံကြောင့် သူမ စိတ်ထဲ ထိတ်ခနဲဖြစ်သွားတယ်။

ကိုယ်ကို ဖြည်းဖြည်းချင်း လှည့်ကြည့်မိတော့ သူမ မျက်လုံးပြူးကျယ်သွားမိတယ်။

အဝါရောင်ဂါဝန်နဲ့ တစ္ဆေမ။

စားပွဲပေါ်ရှိ စားလက်စ ထမင်းပန်းကန်ကို ယူစားနေတာ။

နေ့ခင်းကြောင်တောင်ကြီး အရှင်လတ်လတ် တွေ့လိုက်

www.burmeseclassic.com

www.burmeseclassic.com



ရတာကြောင့် တအားလန့်ပြီး 'အမယ်လေး' လို့ အော်လိုက်မိတယ်။

သူမအသံကြောင့် လူနာလာကြည့်သူတချို့ရဲ့ တာဝန်ကျ ဆရာမ အပြေးရောက်လာတယ်။

မျက်နှာကို လက်ဝါးနဲ့အုပ်ရင်း တုန်ယင်နေရှာတဲ့ သူမ ကြောင့် စိတ်ပူလာပြီး ဝိုင်းမေးကြကုန်တယ်။

"သရဲမ ... သရဲမ ... ရှိတယ်။

ကျွန်မစားမယ့်ဟင်းတွေ လာစားနေတယ်"

သွေးရူးသွေးတန်း ရေရွတ်လိုက်တဲ့သူမကြောင့် သူနာပြု ဆရာမဝဝကြီးဟာ မျက်နှာပျက်သွားတယ်။

ဆရာမဝဝကြီးဟာ ကျန်လူတွေကို မျက်လုံးဝေ့ကြည့်ရင်း—

"ဘာတွေလျှောက်ပြောနေတာလဲ။

ဒါ ... ဆေးရုံ၊ လူနာပဲရှိတယ်။

မဟုတ်တာ မပြောနဲ့။ နင့်ရဲ့နပ်စ်က ဘယ်သူလဲ"

လို့ လေသံမာမာနဲ့ ပြောလာတယ်။

ဒီအချိန်မှာပဲ နှင်းဆီခက်ရဲ့နေ့သူနာပြု ပြန်ရောက်လာပြီး

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မပါ မမ၊ ခဏလေး ထမင်းသွားစားနေတာပါ"

လို့ ခေါင်းငုံ့ပြောလိုက်တယ်။

"နင့်လူနာကို မှာထားပါ၊

ဒီအဆောင်မှာရှိတဲ့ လူနာတွေဟာ မီးနေသည်ကြီးပဲ။

အထိတ်တလန့်ဖြစ်အောင် မလုပ်စေနဲ့ ... ကြားလား"

အပေါက်ဆိုးတဲ့ သူနာပြုဝဝကြီးဟာ ငေါက်ငမ်းပြီး ထွက်သွားတယ်။

နေ့ဆရာမက သူမနား ပြေးလာပြီး ...

"ဘာဖြစ်ရတာလဲ ညီမရယ်၊

စစ်စတာကြီးက သိပ်စိတ်ကြီးတာ။

ဘယ်လိုဖြစ်ကြတာလဲ"

လို့ မေးလာတယ်။

"ကျွန်မ အခန်းပြောင်းချင်တယ် ဆရာမ။

ပြောင်းပေးပါနော်"

"ဒါတော့ မဖြစ်ဘူး ညီမရဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဒီအဆောင်တစ်ခုလုံး မွေးလူနာတွေပြည့်နေပြီ။

အခန်းလွတ်မရှိဘူး ညီမ"

"ကျွန်မ သရဲအခြောက်ခံရတာ အကြိမ်ကြိမ်ပဲ။

ဒီအခန်းမှာ ဆက်နေလို့ မဖြစ်ဘူးထင်တယ်"

နေ့ဆရာမက နှုတ်ခမ်းတွန့်ရုံ ပြုံးလိုက်တယ်။

"ကျွန်မ သူနာပြုသက်တမ်း ကြာပါပြီ။

မီးဖွားပြီးတဲ့ လူနာတချို့ဟာ

ဒီလိုပဲ သွေးလေချောက်ချားတတ်ကြတယ်။

ညီမကြုံတွေ့ရတယ်ဆိုတာ စိတ်အထင်ကွဲ့။

တကယ်ဖြစ်တာ မဟုတ်ဘူး၊

မေ့ပစ်လိုက်ပါကွယ်"

□□□

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၈)

www.burmeseclassic.com

www.burmeseclassic.com

**မနက်ဖြန်ဆို** သူမ ဆေးရုံက ဆင်းရတော့မည်။

ဒီညဟာ သူမအတွက် သားဖွားဆောင်မှာ နောက်ဆုံး အိပ်စက်ရတဲ့ည။

မှောင်စပျိုးချိန်ရောက်တော့ နေ့နဲ့ည ဆရာမလဲကြတယ်။

ညဆရာမက သနပ်ခါးလူးထားပြီး သပ်သပ်ရပ်ရပ်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေတဲ့ သူမကို ပြုံးကြည့်ရင်း ...

"ဒီနေ့ တို့လူနာက လှနေပါလား။

မနက်ဆင်းရတော့မှာမို့ ပျော်နေတာပေါ့လေ ...

ဟုတ်လား"

လို့ နှုတ်ဆက်စကားဆိုတယ်။

"ဆေးရုံကဆင်းရတော့မှာဆိုတော့လည်း

မပျော်တဲ့လူ ရှိမလား ဆရာမရယ်။

ကလေးရော လူကြီးပါ

ကျန်းကျန်းမာမာနဲ့ ဆင်းရတော့

ပိုပျော်မိတာပေါ့။

ဆရာမကို ကျွန်မ မေးစရာရှိတယ်"

ဦဆရာမက သူမကို သွေးပေါင်ချိန်ရင်းက ...

"သွေးနည်းနည်းတက်နေတယ်နော်၊

နေ့လယ်က ဘာတွေ စားထားလဲ"

လို့ မေးလာတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ထမင်းပဲပေါ့ ဆရာမရယ်။

ထမင်းတောင် မစားချင်လို့

နည်းနည်းပဲ စားတာပါ။

ကျွန်မ အတွေးသိပ်များလို့

သွေးတက်ချင်တာ ဖြစ်မယ်။

နေရတာလည်း နည်းနည်းသွေးလေးနေသလိုပဲ ...

ထိုင်းထိုင်းကြီးဖြစ်နေတယ်။

ကျွန်မ မေးချင်တာက"

စကားမဆုံးမီပဲ ဆရာမက လက်ကာပြရင်း ...

"ဒါဆို ကျွန်မ ညသောက်မယ့်ဆေး

သွားယူလိုက်ဦးမယ်"

လို့ပြောပြီး ထွက်သွားပြန်တယ်။

သူမ စိတ်ပျက်စွာ ခေါင်းရမ်းလိုက်မိတယ်။

သိချင်တာက သူမကို ခြောက်လှန့်နေတဲ့ မရှိတော့တဲ့ မေရီတင်

ဆိုတဲ့ သရဲမနဲ့ ပတ်သက်ပြီး စုံစမ်းချင်တာ။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ... ခုချိန်ထိ ဘာမှစုံစမ်းလို့မရသေးဘူး။

ဘာပဲဖြစ်ဖြစ် ညဆရာမကိုတော့ ရအောင်မေးမြန်းကြည့်ဖို့ ဆုံးဖြတ်ထားတယ်။

အဲ့ ... အဲ့ ... အဲ့

သားလေးရဲ့ငိုသံကြောင့် သူမ အတွေးရပ်ရင်း ချော့မြူလိုက်တယ်။

ပါးစပ်ပြင်နေတဲ့ သားလေးကြောင့် သူမ နို့တိုက်ဖို့ ပြင်ဆင်လိုက်တယ်။

ဒီအချိန်မှာပဲ ပြတင်းတံခါးဆီက တောက် ... ခနဲ အသံကြားလိုက်ရတယ်။

သူမ လှမ်းကြည့်မိတော့ ဘာမှမတွေ့ရဘူး။

အပြင်မှာတော့ မှောင်မည်းနေပြီပဲဆိုတဲ့အသိကြောင့် နာရီကို လှမ်းကြည့်မိတယ်။

ခုနစ်နာရီခွဲတော့မယ်။

ဘာပဲဖြစ်ဖြစ် သူမ ဒီည မအိပ်တော့ဘူး။

www.burmeseclassic.com

www.burmeseclassic.com



ညဆရာမနဲ့ စကားတွေပြောရင်း အချိန်ကုန်ဖို့ ဆုံးဖြတ်ထားတယ်။

ကျီ ... ကျီ ... ကျီ

ခေါင်းငုံ့ရင်း သားကို နို့တိုက်နေတဲ့ သူမ။

အသံကြောင့် ခေါင်းထောင်သွားတယ်။

ခစ် ... ခစ် ... ခစ် ... ခစ်

ကြည့်စမ်း ... ဦးခေါင်းပုံမှန်မဟုတ် အနေအထားမဟုတ်တဲ့ ကလေးငယ်။

ပုခက်ထဲဝင်ပြီး ဆော့နေပါလား။

ထိုကလေးငယ်ဟာ လက်ခုပ်လက်ဝါးတီး ဆော့ကစားရင်း သူမကိုကြည့်နေတယ်။

၎င်းရဲ့အကြည့်က လူကြီးတစ်ယောက်။ လူကြီးဆိုတာထက် မကောင်းဆိုးဝါးတစ်ကောင်ရဲ့ မျက်လုံးတွေလို နီရဲပြီး စူးရှလွန်းတယ်။

သူမ ကြောင်အမ်းကြည့်မိနေရာက ကြက်သီးဖျန်းဖျန်း

www.burmeseclassic.com

www.burmeseclassic.com



ထပြီး ကြောက်စိတ်ဝင်လာတယ်။

ညဆရာမဟာ အခန်းဝရပ်ရင်း နှင်းဆီခက်ကို တစ်လှည့်

ကလေးပုခက်ကို တစ်လှည့် အံ့သြဟန်နဲ့ ကြည့်နေတယ်။

"ညီမ ဘာကို ဒီလောက်ထိ စိုက်ကြည့်နေတာလဲ။

ကျွန်မ ရပ်ကြည့်နေတာ ကြာပြီ"

ဆရာမအသံကြောင့် သူမ မျက်တောင်ခတ်လိုက်ပြီး လက်

ညှိုးထိုးပြောလိုက်တယ်။

"အဲဒီကလေးသရဲ ကျွန်မကို

နေ့တိုင်း နှောင့်ယှက်နေတာ။

သူတင် မဟုတ်ဘူး၊ မိန်းမတစ်ယောက်လည်း

ပါသေးတယ်။

အဲဒီမိန်းမရဲ့နာမည်က မေရီတင်တင်"

ပုခက်က မျက်လုံးမလွှဲဘဲ စိုက်ကြည့်ရင်း ပြောလိုက်တဲ့

သူမစကားကြောင့် ဆရာမဟာ လက်ထဲက ဆေးတွေ လွှင့်ကျကုန်

တယ်။

www.burmeseclassic.com

www.burmeseclassic.com



စက္ကန့်ကြာအောင် ငြိမ်သက်သွားရာမှ ...

"ကျွန်မ အခန်းဝကနေ ရပ်ကြည့်နေတာ၊

ညီမ ပုခက်ကို အကြာကြီးစိုက်ကြည့်နေတယ်။

ပုခက်ထဲမှာ ညီမပြောသလို

ဘယ်ကလေးမှ မရှိဘူး။

ဒီမှာ သေချာကြည့်ပါ"

ပြောပြောဆိုဆို ဆရာမဟာ လှုပ်ပုခက်ကို ဘေးစောင်းပြ

တယ်။

"ဟုတ်ပါတယ် ဆရာမ၊ အခု ဘာမှမရှိဘူး။

ခုနကအထိ ကလေးသရဲတစ်ကောင်ရှိနေတယ်။

သူ့ရဲ့ခေါင်းက သာမန်ပုံမဟုတ်ဘူး။

ကလေးသရဲနဲ့ သရဲမဟာ

ကျွန်မတစ်ယောက်တည်းကိုပဲ

စိတ်အနှောင့်အယှက်ဖြစ်အောင်

နှောင့်ယှက်ခြောက်လှန့်နေကြတယ်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ မေရီတင်တင်ရဲ့အကြောင်း သိချင်တယ်။

ဆရာမတို့ သိမယ်ဆိုတာ ကျွန်မစိတ်က

သိနေတယ်"

နှင်းဆီခက်ရဲ့စကားကြောင့် သူနာပြုဆရာမဟာ ငေးငိုင်သွားတယ်။

သက်ပြင်းရှိုက် ခေါင်းခါရမ်းလိုက်ပြီးမှ ...

"နှင်းဆီခက် ... ညီမက မနက်ဆို

ဆေးရုံက ဆင်းရပြီ။ သွေးနုသားနုအချိန်မှာ

ဘာအစွဲလမ်းမှမရှိတာ အကောင်းဆုံးပါ။

ညီမ သိချင်တဲ့အဖြေ ကျွန်မမှာ မရှိဘူး။

အကောင်းဆုံးက အားလုံးမေ့ပစ်ပြီး

အိပ်ပျော်အောင် ကြိုးစားပါ"

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၁၉)

www.burmeseclassic.com

www.burmeseclassic.com

သူမ ဆေးရုံရဲ့ လှေကားထစ်တွေအတိုင်း အောက်ဆင်းဖို့ ပြင်လိုက်တယ်။

လှေကားကွေ့အရောက် အောက်ကတက်လာတဲ့ ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ဦးနဲ့ တိုက်မိသလို ဖြစ်သွားတယ်။

သူမက စပြီး ဝင်တိုက်မိတဲ့အတွက် တောင်းပန်ဖို့ ထိုအမျိုး

www.burmeseclassic.com

www.burmeseclassic.com



သမီးရဲ့ မျက်နှာကို ကြည့်မိတဲ့ခါ သူမ အံ့အားသင့်သွားမိတယ်။

ပြုံးတုံ့တုံ့နှုတ်ခမ်းနဲ့ စိုက်ကြည့်နေတဲ့ မေရီတင်တင်။

ဒီအချိန်မှာပဲ စူးရှပြင်းထန်တဲ့ နှင်းဆီပန်းရနံ့က သူမရဲ့ နှာခေါင်းထဲ တိုးဝင်လာတယ်။

ထိုရနံ့ကြောင့် သူမခေါင်းထဲ ရိတိတိကြီး ခံစားလိုက်ရတယ်။

မေရီတင်တင်က သူမကို ခဏမျှသာ စိုက်ကြည့်ရင်း အပေါ်ဆက်တက်သွားတယ်။

အဝါနုရောင်ဂါဝန်နဲ့ ကျောလယ်လောက်ရှိတဲ့ ဆံပင်ကို စည်းနှောင်ထားတဲ့ မေရီတင်တင်ရဲ့နောက်ကျော။

သူမ ခြေလှမ်းတွေက အောက်မဆင်းဘဲ အပေါ်ထပ်ဆီ ပြန်တက်လာမိတယ်။

ခြေထောက်အစုံက မေရီတင်တင်သွားရာနောက် လိုက်နေသည့်နှယ်။

မေရီတင်တင်က စင်္ကြံလမ်းအတိုင်း လျှောက်သွားရင်း

www.burmeseclassic.com

www.burmeseclassic.com



သားဖွားဆောင်ဘက် ချိုးကွေ့ဝင်သွားတယ်။

သူမလည်း နောက်ကနေ ထက်ကြပ်မကွာ လိုက်ပါသွားမိတယ်။

သားဖွားဆောင်ရဲ့ လူနာအခန်း။

အဝါနုရောင်ဂါဝန်နဲ့ မေရီတင်တင်ဟာ အခန်းတစ်ခန်းရဲ့ရှေ့ ရပ်နေတာ တွေ့မြင်ရတယ်။

သူမ ၎င်းရဲ့အနီးရောက်တော့ အခန်းထဲ လှမ်းဝင်သွားတယ်။

အခန်းနံပါတ် (၈)။

"ဟာ ... ဒါ ငါ့အခန်းဘဲ၊

အခန်းထဲမှာ သားလေးကျန်ခဲ့တယ်။

မေရီတင်တင် ငါ့သားကို ဘာလုပ်မလို့လဲ မသိဘူး။

မဖြစ်ဘူး၊ မဖြစ်ဘူး ... ငါ အမြန်လိုက်ဝင်ရမယ်"

အတွေးနဲ့ ရင်ထဲဗလောင်ဆူပြီး အခန်းထဲ လှမ်းဝင်လိုက်မိတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ မြင်လိုက်ရတဲ့မြင်ကွင်းကြောင့် သူမ ခြေလှမ်း တုံ့သွားရတယ်။

ခုနက အကောင်းပကတိကြီးတွေ့ခဲ့ရတဲ့ မေရီတင်တင်။

အခန်းတွင်းမြင်ကွင်းက လူနာခုတင်ထက် လူးလိမ့်နေတယ်။

ငှင်းရဲ့ဘေးမှာလည်း ဆရာဝန် သူနာပြုတွေ ဝန်းရံနေတယ်။

"ဟင် ... ဒီအိုဂျီက ငါ့ကို ကလေးမွေးပေးခဲ့တဲ့ အိုဂျီပါလား။ ဘေးမှာလည်း အပေါက်ဆိုးတဲ့ နပ်စ်မဝဝကြီး"

အံ့အားတသင့် ရေရွတ်မိရင်း ...

"ဂျူးဒိတ်က မနက်ဖြန်ပဲ၊ ဒါပေမဲ့ ... ကိုယ်ဝန်ဆိပ်တက်နေတယ်။ အမြန်ဆုံး အော်ပရေးရှင်းလုပ်မှဖြစ်မယ်။ ဆရာမ ခွဲခန်းအသင့်ပြင်ပါ"

www.burmeseclassic.com

www.burmeseclassic.com



သူမကို ကျော်ပေးထားတဲ့ သူနာပြုဟာ သူမဘက်လှည့်ပြီး အခန်းပြင်ထွက်ဖို့ ပြင်လိုက်တယ်။

ဒီအခါ ထိုသူနာပြုဟာ သူမကိုစောင့်ပေးတဲ့ ညဆရာမ ဆိုတာ တွေ့လိုက်ရတယ်။

ညဆရာမဟာ သူမရဲ့ဘေးက ဖြတ်သွားပေမယ့် နှုတ်ဆက် ဖော်တောင် မရဘူး။

"ငါ့အခန်းထဲ မေရီတင်တင် ဘာလို့ရောက်နေတာလဲ။ သားရော ငါ့သားလေး ဘယ်မှာလဲ"

စိတ်ပူပန်မှုနဲ့အတူ အခန်းထဲက ပစ္စည်းတွေဆီ အကြည့် ရောက်သွားတယ်။

သူမရဲ့အသုံးအဆောင်ပစ္စည်းတွေ ရှိနေရမယ့်အစား တန်ဖိုး ကြီးတဲ့ ပစ္စည်းတွေကို တွေ့လိုက်ရတယ်။

ဒီအချိန်မှာပဲ လူနာတင်လှည်းကြီးရောက်လာတယ်။

သူမ ဝင်တိုက်မတတ် ဖြစ်သွားတဲ့အတွက် ဘေးရှောင်ပေး လိုက်ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဆေးရုံဝန်ထမ်းတွေက မေရီတင်တင်ကို လှည်းပေါ်တင်ပြီး ရေးကြီးသုတ်ပျာယာနဲ့ တွန်းသွားကြတယ်။

သူမ ရှိနေတာကို ဘယ်သူမှ ဂရုစိုက်ပုံမပေါ်ဘူး။

သူမရဲ့ ညဆရာမကလည်း ဆေးမှတ်တမ်းကိုင်ပြီး လှည်းနောက်ပါသွားပြီ။

"အခန်းက ငါ့အခန်းဖြစ်ပြီး

သားလေးလည်း မရှိဘူး။

ငါ့ပစ္စည်းတွေလည်း မရှိတော့ဘူး။

ငါ့သားလေးကို ဘယ်ပို့ထားကြတာလဲ။

မဖြစ်ဘူး၊ ငါ့သားလေးကို လိုက်ရှာရမယ်"

သူမ သားအတွက် စိုးရိမ်စိတ်နဲ့ သားဖွားဆောင်အနှံ့ ရှာဖွေမိတယ်။

မတွေ့ရတဲ့အတွက် စင်္ကြံလမ်းအတိုင်း ဆက်လျှောက်သွားမိရင်း တခြားအခန်းတွေမှာ ရှာဖွေမိတယ်။

မှန်တံခါးအကြီးကြီး ကာရံထားတဲ့ အခန်းကလေးခန်း။

www.burmeseclassic.com

www.burmeseclassic.com



ထိုတံခါးကြီး မြင်ဖူးသလိုလိုရှိတဲ့အတွက် အခန်းထဲဝင်ခဲ့မိတယ်။

သူမ ခွဲစိတ်ခန်းထဲရောက်နေပြီ။

အေးစိမ့်လွန်းတဲ့ အအေးဓာတ်နဲ့အတူ သူမ စမ်းတဝါးဝါးသွားနေမိတယ်။

တံခါးတွေ အထပ်ထပ်ဖြတ်သန်းရင်း နောက်ဆုံး ခွဲစိတ်ခန်းကျယ်ကြီးထဲ သူမ ရောက်ရှိသွားတယ်။

လူနာစင်ပေါ်က မေရီတင်တင်။ ဘေးမှာ ဆရာဝန်တွေ သူနာပြုတွေ အလုပ်ရှုပ်နေကြတယ်။

□□□

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၂၀)

www.burmeseclassic.com

www.burmeseclassic.com

ဒီအချိန်မှာပဲ ကလေးငိုသံနဲ့အတူ ဆရာဝန်တွေထံက 'ဟာခနဲ' အသံကြီးကို ကြားလိုက်ရတယ်။

သူမ ထိုအနားသွားကြည့်မိတော့ တအားလန့်သွားမိတယ်။

ဦးခေါင်းပုံစံ ပုံပန်းမကျတဲ့ ကလေးငယ်လေး။

၎င်းရဲ့မျက်လုံးတွေက ဂြိုဟ်သားလို ပြူးကျယ်လွန်းပြီး

www.burmeseclassic.com

www.burmeseclassic.com



အပြင်ထွက်နေတယ်။

မိနစ်ပိုင်းမျှ တုန်လှုပ်သွားတဲ့ ဆရာဝန်တွေဟာ အသိစိတ်ကို ပြန်ထိန်းပြီး အလုပ်တွေ ဆက်လုပ်ကြတယ်။

အားလုံးရဲ့မျက်နှာဟာ သာယာမှုမရှိတာတော့ သူမ တွေးလိုက်မိတယ်။

သူနာပြုဆရာမက ကလေးငယ်ကို သန့်ရှင်းရေးလုပ်နေတာ တွေ့ရပြန်တယ်။

တစ်ချိန်လုံး ငိုညည်းသံထွက်နေတဲ့ကလေးဟာ ရုတ်တရက် အသံတိတ်သွားတယ်။

သူနာပြုက ကလေးငယ်ကို စင်ပေါ်တင်ထားရင်း ဆရာဝန်တစ်ယောက်ထံ ပြေးသွားတယ်။

ဆရာဝန်က ကလေးနားလိုက်လာပြီး စစ်ဆေးကြည့်နေတယ်။

"ကလေး အသက်မရှင်နိုင်တော့ဘူး ...

ဆုံးပြီ"

www.burmeseclassic.com

www.burmeseclassic.com



ထိုအသံက ခွဲစိတ်ခန်းကြီးထဲ သူမ နောက်ဆုံးကြားလိုက်ရတဲ့အသံ။

မေရီတင်တင်ကို လူနာလှည်းပေါ် ပြောင်းရွှေ့ပြီး အားလုံးထွက်သွားကြတယ်။

သူမလည်း ၎င်းတို့နောက် လိုက်ပါသွားမိတယ်။

သားဖွားဆောင်ရဲ့ အခန်းနံပါတ် (၈) ရောက်တော့ ၎င်းကို ခုတင်ပေါ်ပြောင်းရွှေ့တင်ကြတယ်။

သူမလည်း အခန်းဝကနေ ရပ်ပြီးငေးကြည့်နေမိတယ်။

အချိန်တွေ ဘယ်လောက်ကြာသွားလဲမသိပေမယ့် မေရီတင်တင်ရဲ့ မျက်လုံးတွေ ပွင့်လာပြီး ဘေးမှာအဆင်သင့်ရှိနေတဲ့ သူနာပြုက စကားတွေ ပြောနေတယ်။

ချုံးပွဲချငိုကြွေးနေတဲ့ မေရီတင်တင်။

သူနာပြုကြည့်ရတာ ဖျောင်းဖျနှစ်သိမ့်နေပုံရတယ်။

မေရီတင်တင်ဟာ ငိုကြွေးရင်း သူနာပြုကို စကားတွေပြောနေတယ်။

www.burmeseclassic.com

www.burmeseclassic.com



သူနာပြုဆရာမရဲ့မျက်နှာ တအားပျက်နေပြီး ခေါင်းညိတ်လိုက်တာ တွေ့ရတယ်။

သူနာပြုဆရာမဟာ အခန်းပြင်ထွက်လာရင်း ညည်းညူနေတာ မြင်ရတယ်။

ခဏကြာတော့ ထိုဆရာမဟာ လက်တွန်းလှည်းအငယ်စားလေးတစ်ခုတွန်းရင်း ပြန်ရောက်လာတယ်။

ထိုဆရာမနဲ့အတူ သူမရဲ့ ညဆရာမပါ ပါလာတာ တွေ့ရတယ်။

ဆရာမနှစ်ယောက်လုံးရဲ့မျက်နှာတွေက ပြုံးတော့မယ့်မိုးနှယ်။

၎င်းတို့အခန်းထဲ ဝင်သွားပြီး တွန်းလှည်းငယ်ကို ခုတင်နားရပ်တန့်လိုက်တယ်။

လှည်းပေါ်က ပိတ်ဖြူစလေးကို လှစ်ဟပ်ပြတဲ့အချိန်မှာတော့ တအားထိတ်လန့်သွားတဲ့ မေရီတင်တင်ရဲ့ဟန်ကို မြင်လိုက်ရတယ်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ... မေရီတင်တင် အိပ်ရာပေါ် ပြိုလဲကျသွားတယ်။

ညဆရာမဟာ တွန်းလှည်းကို အခန်းပြင် ပြန်တွန်းလာတယ်။

“ဆရာမ ... ဆရာမ။

သားလေးနဲ့ ကျွန်မပစ္စည်းတွေရော။

ကျွန်မသားလေးကို ဘယ်ရွှေ့လိုက်ကြတာလဲ”

သူမ ဒေါကဖြစ်သွားတဲ့ ညဆရာမကို မေးလိုက်ပေမယ့် ဆရာမဟာ သူမကို သတိမပြု။

သူမ စိတ်မရှည်တော့ဘဲ ညဆရာမနောက်လိုက်ရင်း တွင်တွင်မေးလိုက်မိတယ်။

ဒါပေမဲ့ ညဆရာမဟာ လုံးဝအရေးမစိုက်ဘဲ သူနာပြု တစ်ယောက်နဲ့တောင် ရပ်ပြီး စကားပြောနေလိုက်တယ်။

သူမ စိတ်ဓာတ်ကျပြီး အခန်းရှိရာ ပြန်လျှောက်ခဲ့မိတယ်။

အခန်းဝရပ်ရင်း မေရီတင်တင်ရှိရာ ငေးကြည့်နေမိတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီအချိန်မှာပဲ ...

ယောက်ျားတစ်ယောက် ရေးကြီးသုတ်ပျာဟန်နဲ့ လျှောက်လာတယ်။

ထိုယောက်ျား အခန်းရှေ့ရောက်တော့ ညဆရာမက နောက်က လှမ်းတားလိုက်တာ တွေ့ရတယ်။

ညဆရာမနဲ့ ထိုလူဟာ စကားတွေပြောနေကြတယ်။

ထိုအချိန်မှာပဲ ...

မေရီတင်တင်ဟာ ကိုယ်မှာတပ်ထားတဲ့ ပိုက်တွေကို ဆွဲဖြုတ်လိုက်တာ တွေ့ရတယ်။

ရှိုက်ကြီးတငင် ငိုကြွေးနေရှာတဲ့ မေရီတင်တင်။

ပြတင်းပေါက်ရှိရာ လျှောက်သွားပြီး ပြတင်းပေါက်ပေါင်ဆီ လှမ်းတက်နေတယ်။

သူမ အကြီးအကျယ် ထိတ်လန့်မိရင်း ...

"ဟာ ... မလုပ်နဲ့ ပြုတ်ကျမယ်
မေရီတင်တင်"

www.burmeseclassic.com

www.burmeseclassic.com



စိုးရိမ်တကြီး တားဆီးလိုက်ပေမယ့် မေရီတင်တင်ဟာ သူမ ရှိရာ စောင်းငုံ့ကြည့်ရင်းက ဝုန်းခနဲ ခုန်ဆင်းသွားတော့တယ်။

သူမ တအားလန့်ပြီး 'အမယ်လေး' လို့ အော်ဟစ်လိုက်မိတယ်။

□□□

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၂၁)

www.burmeseclassic.com

www.burmeseclassic.com

**သူ့တစ်ကိုယ်လုံး** ဆတ်ခနဲတုန်သွားပြီး လန့်သွားတယ်။

မျက်လုံးဖွင့်ကြည့်လိုက်တော့ ခုတင်ပေါ်မှာ။

ဘေးလှမ်းကြည့်လိုက်တော့ ညဆရာမဟာ ပစ္စည်းတွေသိမ်းဆည်းနေသလို သားလေးက ပုခက်တွင်း ငြိမ်သက်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com



ညဆရာမက သူမကိုလှမ်းကြည့်ပြီး ...

"နိုးပြီလား နှင်းဆီခက် ... ခုနစ်နာရီထိုးပြီလေ၊

ကျွန်မ ဂျူတီထွက်တော့မယ်။

ညီမလည်း ဆေးရုံဆင်းစာအုပ်သွားယူပြီးရင်

ဆင်းလို့ရပြီနော်"

လို့ပြောရင်း ၎င်းရဲ့အိတ်ကိုကောက်လွယ်လိုက်တယ်။

အိပ်မက်က နိုးထသူနှယ် ငူငူငိုင်ငိုင်ကြီးဖြစ်နေတဲ့ နှင်းဆီခက်ကို ညဆရာမဟာ စူးစိုက်ကြည့်ရင်း ဘေးလွယ်အိတ်ထဲက တစ်စုံတစ်ခုကို ဆွဲထုတ်လိုက်တယ်။

"ဒါက ကျွန်မရဲ့လက်ဆောင်ပါ။

အိမ်ပြန်ရောက်လို့ နားနားနေနေဖြစ်တဲ့အခါ

ဒါလေးကို ဖွင့်ကြည့်နော် ညီမ။

ကျွန်မ သွားတော့မယ်"

အပြာရောင်စာအိတ်လေးတစ်လုံး။

သူမထံ လှမ်းပေးပြီး ထွက်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



"ဆရာမ"

သူမရဲ့ခေါ်သံကြောင့် အခန်းဝရောက်နေတဲ့ ဆရာမဟာ ခြေလှမ်းတန့်ပြီး လှည့်ကြည့်တယ်။

သူမ ပြတင်းတံခါးရဲ့ပြင်ပဆီ ငေးကြည့်ရင်း ...

"ဆရာမဟာ မေရီတင်တင်ရဲ့အနားမှာ တစ်ချိန်လုံး ရှိနေခဲ့တယ်နော်"

လေးတွဲ့တွဲ့ပြောလိုက်တဲ့ သူမအသံကြောင့် သူနာပြု ဆရာမဟာ မချိပြုံး ပြုံးလိုက်ပြီး ...

"ဟုတ်ပါတယ် ... ကျွန်မ ရှိနေခဲ့ပါတယ်"

လို့ တိုးတိုးလေး ရေရွတ်ရင်း ထွက်သွားတော့တယ်။

နှင်းဆီခက်တစ်ယောက် အပြာရောင်စာအိတ်လေးကို ကိုင်ရင်း ကျန်ရစ်ခဲ့တယ်။

ဒီအချိန်မှာပဲ အခန်းဝမှာ လူရိပ်တွေ့လိုက်ရတယ်။

ပြတင်းဆီ ငေးကြည့်နေတဲ့ သူမရဲ့မျက်လုံးက အခန်းဝကို ရောက်သွားတယ်။

www.burmeseclassic.com

www.burmeseclassic.com



သူမ တအားအံ့အားသင့်သွားရသလို မျက်လုံးတွေ အရောင်တောက်သွားမိတယ်။

"ဟယ် ... ကိုနေ ... ကိုနေ"

အခန်းဝရပ်ရင်း ပြုံးကြည့်နေတဲ့ ကိုနေက သူမရှိရာ လျှောက်လာတယ်။

"ဟုတ်ပါတယ်ဗျာ ... ကိုနေမှ ကိုနေအစစ်ပါ။

သိပ်အံ့သြနေလား ခက်ရဲ့"

သူမ ကြည်နူးစိတ်တွေ လှိုက်တက်လာပြီး ကိုနေ့ရင်ခွင်ခေါင်းတိုးရင်း ငိုချလိုက်မိတယ်။

"ခက် ကိုယ့်ကိုပြောမယ့်စကားတွေ ကိုသိပါတယ်။

အခက်အခဲတွေကြောင့် ခက်ဆီကို

အဆက်အသွယ် မလုပ်ခဲ့နိုင်တာပါ။

ကိုယ့်ကိုခွင့်လွှတ်ပါ ခက်ရယ်။

ကိုယ်လေ ခုချိန်ကစပြီး ခက်နဲ့သားလေးနားမှာ

နေတော့မယ်။ မငိုနဲ့နော် ခက်"

www.burmeseclassic.com

www.burmeseclassic.com



ကိုနေက သူမကိုဖက်ပြီး နှစ်သိမ့်စကားဆိုတယ်။

"အစ်မတို့ကိုကြည့်ရတာ ကိုရီးယားကားထဲက မင်းသမီးနဲ့မင်းသား ဇာတ်သိမ်းခန်းကျနေတာပဲ ... ဟီး ဟီး"

အသံကြောင့် ကိုနေ့ရင်ခွင်ထဲက ခွာပြီးကြည့်လိုက်တော့ ရယ်ကျဲကျဲအမူအရာနဲ့ အေးပုံ။

"ကိုယ်က ဒီမနက်ဘဲ မြို့ကိုရောက်တာလေ။ အေးပုံကိုမေးတော့ ခက် မီးဖွားနေတာ သိရတာ။ သူပဲ ကိုယ့်ကို ဒီအထိရောက်အောင် ပို့ပေးတာ ခက်ရဲ့"

ကိုနေက သားလေးကို ပုခက်တွင်းက ပွေ့ချီရင်း ပြောလိုက်တယ်။ သားကိုနမ်းရှိုက်နေတဲ့ ကိုနေ့ကိုကြည့်ပြီး သူမ ကြည်နူးသွားမိတယ်။

ဒီအချိန်ဟာ သူမဘဝရဲ့ အပျော်ရွှင်ဆုံးအချိန်တစ်ခု မဟုတ်ပါလား။

□□□

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း (၂၂)

www.burmeseclassic.com

www.burmeseclassic.com

ဘုရားယာဉ်တစ်စီးဟာ သားဖွားဆေးရုံကြီးရဲ့ ဆင်ဝင်အောက်ကနေ စတင်ထွက်ခွာလိုက်တယ်။

ဆေးရုံရဲ့ဝန်းဝရောက်တော့ ကားတန်းရှည်ကြီးရှိနေတာကြောင့် ရပ်စောင့်နေရတယ်။

ကားတန်းရှည်ကြီးနဲ့အတူ ဝတ်ရွတ်အဖွဲ့ရဲ့အသံတွေကိုပါ

www.burmeseclassic.com

www.burmeseclassic.com



ကြားလိုက်ရတဲ့အတွက် နှင်းဆီခက်တစ်ယောက် စိတ်လှုပ်ရှားသွားမိတယ်။

နာရေးကားတန်းကြီး။

နိဗ္ဗာန်ယာဉ်ရဲ့နောက်မှာ နာရေးပို့ကားတွေ စီတန်းပါလာတယ်။

သူမ နာရေးပို့ကားရဲ့ဘေးမှာကပ်ထားတဲ့ စာရွက်ကို လှမ်းဖတ်ကြည့်မိတယ်။

"မမေရီတင်တင် အသက် ၂၄ နှစ်"

အသံထွက်ရွတ်လိုက်မိတာကြောင့် ကိုနေက လှမ်းကြည့်ရင်း ...

"ငါ့မိန်းမကတော့ အပျော်လွန်ပြီး

စိတ်သိပ်လှုပ်ရှားနေပြီ ထင်တယ်။

မေရီတင်တင် မဟုတ်ပါဘူး ခက်ရဲ့။

နာရေးကားမှာ ကပ်ထားတာက

မမြတင် အသက် ၂၄ နှစ်ပါကွာ

www.burmeseclassic.com

www.burmeseclassic.com



ဟား ဟား"

ကိုနေရဲ့ကျီစယ်မှုကြောင့် သူမ ပြုံးရင်း စာအိတ်အပြာလေး

ကို သတိရသွားတယ်။

ဒါ့ကြောင့် ...

အိတ်ထဲက ထုတ်ပြီး ဖွင့်ဖတ်ကြည့်မိတယ်။ ကိုနေကလည်း

သူမနဲ့အတူ ဖတ်ရှုလိုက်တယ်။

"ညီမ နှင်းဆီခက် ... ဒီနေ့ဟာ

မေရီတင်တင် သေဆုံးပြီး

(၁) လပြည့်တဲ့နေ့ပါ။

မေရီတင်တင်ဟာ ...

အခန်း (၈) မှာပဲ မီးဖွားခဲ့သလို

အခန်း (၈) မှာပဲ သေဆုံးခဲ့သူပါ။

ကိုယ်ဝန်ဆိပ်ကြောင့် သူစောပြီး မွေးခဲ့ရပေမယ့်

ကလေးက အဖတ်မတင်ခဲ့ပါဘူး။

ခွဲခန်းထဲမှာပဲ သူ့ကလေး သေဆုံးခဲ့သလို

www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေ့မှာပဲ သူ့အမျိုးသားဟာ

နယ်မှာ ကားမှောက်ပြီး သေဆုံးခဲ့ရတယ်။

ဒီသတင်းကို သူတို့အိမ်က လာပြောစဉ်မှာ

ကျွန်မက လူနာရဲ့အခြေအနေကို ရှင်းပြပြီး

အသိမပေးဖို့ တားဆီးခဲ့တယ်။

ဒါပေမဲ့ ... မေရီတင်တင်ဟာ

အခန်းထဲကနေ ကျွန်မတို့ပြောဆိုသံကြားပြီး

လုံးဝမလုပ်သင့်တဲ့အလုပ်ကို သူပြုလုပ်ခဲ့တယ်။

အခန်း (၈) ရဲ့ ပြတင်းပေါက်ကနေ

ခုန်ချပြီး သူ့ကိုယ်သူ အဆုံးစီရင်သွားခဲ့ပါတယ်။

သူသေဆုံးပြီးနောက်ပိုင်း သားဖွားဆောင်မှာ

ခြောက်လှန့်မှုမျိုးစုံ ကြုံကြိုက်ခဲ့ရတယ်။

ကျွန်မတို့ ဘာသာရေးရှုထောင့်အမျိုးမျိုးက

ကျွတ်လွတ်အောင် စွမ်းဆောင်ပေးခဲ့ပေမယ့်

မေရီတင်တင်ကို မထိရောက်ခဲ့ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့ကိုယ်ထင်ပြခြောက်လှန့်မှုကြောင့်
သွေးလန့်ခဲ့ရတဲ့ လူနာတွေရှိသလို
ဆေးရုံဝန်ထမ်းတွေလည်း ရှိခဲ့တယ်။
ဒါ့ကြောင့် အားလုံးက မီးနေသည်သရဲမလို့
သူ့ကို အမည်တပ်ခဲ့ကြတယ်။
ဘာကြောင့်မှန်းမသိရပေမယ့် ထူးဆန်းတာက
ညီမ အခန်း (၈) ကိုရောက်ချိန်ကစပြီး
မီးနေသည်သရဲမရဲ့ ခြောက်လှန့်သံ
လုံးဝ မကြားခဲ့ရဘူး။
ညီမရဲ့ပြောစကားတွေအရ ...
ညီမ ဘာဖြစ်နေသလဲဆိုတာ ကျွန်မတို့အားလုံး
သိခဲ့ကြပါတယ်။
အခုမှ ဒီအကြောင်းပြောပြရတာ
စိတ်မဆိုးပါနဲ့။
ညီမရဲ့ကျန်းမာရေးကို ထောက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့အားလုံး နှုတ်ပိတ်နေခဲ့ကြတာပါ။

ဒါပဲနော် ညီမလေး ... ပျော်ရွှင်နိုင်ပါစေ"

သူနာပြုဆရာမရဲ့စာကို ဖတ်ပြီးနောက် နှင်းဆီခက် သက်ပြင်းချလိုက်မိတယ်။

ကိုနေကလည်း သူမကို ငေးစိုက်ကြည့်နေရှာတယ်။

သူမ စိတ်ဆုံးဖြတ်ချက်တစ်ခု ချလိုက်ရင်း ...

"ကားဆရာ ... မြို့ဦးစေတီကိုပဲ

အရင်မောင်းပေးပါ"

BURMESE CLASSIC

ကားလေးဟာ ရပ်ကွက်တွေဘက်သွားနေရာက မြို့ပြင်ဘက် ဦးတည်လိုက်တယ်။

ဆည်းလည်းသံတွေနဲ့ သာယာငြိမ်းချမ်းတဲ့ မြို့ဦးစေတီ။

သူမ ကိုနေနဲ့သားကို ကားပေါ်ထားရစ်ပြီး ဘုရားပေါ်တက်သွားတယ်။

စေတီကို ဦးချကန်တော့ပြီးနောက် ...

"မမေရီတင်တင် ...

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မပြုခဲ့တဲ့ ကောင်းမှုကုသိုလ်တွေကို

ကျွန်မနဲ့အတူ ရရှိနိုင်ပါစေ။

ရောက်လေရာဘဝ လွန်ခဲ့တဲ့တစ်လက

အဖြစ်ဆိုးကျိုး မကြုံကြိုက်ပါစေနဲ့။

ကျွန်မ ဆုတောင်းပေးပါတယ်။

မမေရီတင်တင်တို့သားအမိ ...

ကျွန်မပေးတဲ့အမျှ ရရှိပြီး

သာဓုခေါ်ဆိုနိုင်ကြပစေ"

သူမ ထိုသို့ရေရွတ်ရင်း ဆုတောင်းမေတ္တာပို့ အမျှပေးဝေလိုက်တော့တယ်။

အမျှဝေပြီးချိန်မှာတော့ အဝေးဆီက ခေါင်းလောင်းထိုးသံ သဲ့သဲ့ကြားလိုက်ရတယ်။

ခေါင်းလောင်းကြီးရှိရာ လှမ်းကြည့်မိတော့ လူသူကင်းမဲ့နေတယ်။

ဒါပေမဲ့ ...

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းလောင်းထိုးသံကတော့ အဆက်မပြတ် ကြားနေရဆဲ။

“မိုးနှောသည် သခဲ့မြ”

မအိုစာ

(မအိုစာနှင့်ဆက်သွယ်လိုပါက maosar99@gmail.com)

www.burmeseclassic.com